ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 28 May 2025 ၁၁၈၃၁

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝန်ကြီးရုံးအဆောက်အအုံများအား ကြည့်ရှုစစ်ဆေး

## ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရေးအတွက် စနစ်တကျတွက်ချက် တည်ဆောက်

**နေပြည်တော် မေ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ ဖတ်စရာ**

**နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**
စာမျက်နှာ » ၄

**နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ**
စာမျက်နှာ » ၆

**သဘာဝဘေးဒဏ်သင့် ကာလအလွန် စဉ်းစားချက်များ**
ဆောင်းပါး စာမျက်နှာ » ၈

**ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေ ဆက်လက်လက်ခံမည့် အစီအစဉ် အသိပေးကြေညာခြင်း**
စာမျက်နှာ » ၁၁

ကြေးမုံ

# ဝယ်လိုအား ရောင်းလိုအား မျှတစွာဖြေရှင်း ကောင်းမွန်သောအရှေ့တစ်ခုဆောင်ကြဉ်း

"နိုင်ငံတစ်ခု တိုးတက်ရန်အတွက် စီးပွားရေးအရ အားကောင်းရန်လိုအပ်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရန်အတွက် အစိုးရတစ်ရပ်အနေဖြင့် တာဝန်ရှိကြောင်း၊ နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက်လျော့နည်းလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရဦးမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၁၉ ရက်နေ့က ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားတိုးတက်ရေးနှင့်ပတ်သက်၍ အားကောင်းအောင် ဆောင်ရွက်ရမည့်အချက်များနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ လိုအပ်ချက်များ၊ အားနည်းချက်များကိုလည်း ပွင့်လင်းမြင်သာစွာ ထောက်ပြခဲ့သည်။ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင် နိုင်ငံတော်၏ ကုန်သွယ်ရေးလိုငွေမှာ ၁၂ ဘီလီယံခန့်နှင့် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် ၁၂ ဘီလီယံခန့် စုစုပေါင်း ၂၅ ဘီလီယံခန့်လိုငွေပြခဲ့သည်။ အဆိုပါလိုငွေများအား ပြည်ပအကူအညီများ၊ ချေးငွေများ၊ ကုန်သွယ်မှုမှအပ ဝင်ငွေများဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ရသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ပြီး သီးထပ်စွမ်းအားများ တိုးတက်ထွန်းကားအောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့သော် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက် မပြည့်မီသေးသည်ကို တွေ့ရသည်။ ဆီထွက်သီးနှံအထွက်တိုးရေးအတွက် တွန်းအားပေးဆောင်ရွက်နေသော်လည်း အထွက်နှုန်းအားနည်းနေဆဲဖြစ်၍ ပြည်ပမှ စားသုံးဆီများ နှစ်စဉ်တင်သွင်းနေရသည်။ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်မပြည့်မီသောကြောင့် နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော်ခန့် လျော့နည်းခဲ့သည်ကို တွက်ချက်မှုများအရ သိရှိရသည်။ သီးထပ်စွမ်းအားများ ရာနှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် ဝင်ငွေတိုးတက်ရရှိလာမည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်များအသုံးပြုမှုနှင့် လူမှုစီးပွားဘဝ လိုအပ်ချက်များအရ စက်သုံးဆီလိုအပ်ချက်များ မြင့်မားနေဆဲဖြစ်သည်။ အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့်တန်ဖိုးရှိသည့် စက်သုံးဆီများကို နှစ်စဉ် ပြည်ပမှတင်သွင်းနေရသည်။ လောင်စာဆီသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်(EV)ကားတင်သွင်းမှုကို ခွင့်ပြုပေးထားသော်လည်း နိုင်ငံခြားငွေလိုအပ်ချက်များရှိနေသဖြင့် ကန့်သတ်ချက်များရှိနေသည်။ ကုန်သွယ်မှုပိုငွေပြနေသော်လည်း အခြားသုံးစွဲမှုများတွင် အနုတ်လက္ခဏာ များပြားမှုရှိနေသောကြောင့် နိုင်ငံခြားငွေလိုအပ်ချက်နှင့် နိုင်ငံခြားငွေဈေး မြင့်တက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ဥပမာအားဖြင့် ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ထွက်ခွာနေမှုများနှင့် အခြားအကြောင်းများကြောင့် နိုင်ငံခြားငွေသုံးစွဲမှုများ များပြားလျက်ရှိသည်။ ပြည်ပမှ တင်သွင်းရသော စက်သုံးဆီ၊ စားသုံးဆီနှင့်(EV)ကားတင်သွင်းမှု စသည်တို့တွင် ကန့်သတ်ချက်များရှိနေသည်။ ထို့ပြင် တရားမဝင်ကုန်သွယ်မှုအမျိုးမျိုးတို့အပြင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ အသုံးပြုစီးနင်းနေမှုများကြောင့် စက်သုံးဆီသုံးစွဲမှု ပိုမိုများပြားလာခြင်း၊ နိုင်ငံတော်တွင် အခွန်အခများစွာ နစ်နာဆုံးရှုံးမှုများရှိသည့်အပြင် လုံခြုံရေးပိုင်းဆိုင်ရာတွင်ပါ စိန်ခေါ်မှုများစွာရှိလာနိုင်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်စီးနင်းမှုများကို ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ပြီး တရားမဝင်ယာဉ်နှင့်ပတ်သက်၍ လုပ်ဆောင်နေသူများနှင့် ပါဝင်ပတ်သက်နေသူများကို စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်သွားရန်လိုသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒကိုသာ ချမှတ်ပေးခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သည်။ အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် တိုက်တွန်းပေးရန်မှာ အစိုးရတွင်တာဝန်ရှိပြီး အကောင်အထည်ဖော်ရန်မှာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသအလိုက်၊ နယ်ပယ်အလိုက် တာဝန်ရှိသူများ၏ တာဝန်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရက ချေးငွေများထုတ်ချေးခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လုပ်ငန်းများ ထိုက်သင့်သလောက် အောင်မြင်မှုမရှိသေးပေ။ ပန်းတိုင်ရည်မှန်းချက် မပြည့်မီသေးသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းများနှင့် လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်သော်လည်း အမှန်တကယ် အလုပ်လုပ်နိုင်ခြင်းမရှိသောကြောင့် ဝင်ငွေနည်းရခြင်းဖြစ်သည်။ ကုန်ထုတ်လုပ်မှုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ငွေကြေးဈေးနှုန်းများနှင့် ကုန်ဈေးနှုန်းများ တိုးမြင့်လာမည်မဟုတ်သဖြင့် အားလုံးအမှန်တကယ် အလုပ်လုပ်ကြရန်နှင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရန်လိုအပ်မည်ဖြစ်သည်။ ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းနှင့်ပတ်သက်သည့် အခြေအနေအရပ်ရပ်တို့ကို အဖြေရှာရန်လိုအပ်ပြီး ကုန်ထုတ်လုပ်မှုစရိတ်မြင့်မားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတခြင်းတို့ကို ဖြေရှင်းနိုင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဇွန်လ(၅)ရက်

MONREC

WORLD ENVIRONMENT DAY

UN environment programme



" ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး"

"Ending Plastic Pollution Globally"

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ရီရီဦး<br>ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ လဲ့လဲ့ဝေ<br>ပါမောက္ခချုပ်<br>ဗန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇-၅-၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၆၀၀ | ၆,၆၀၀ | ၁,၅၂၅ | ၁၀,၀၅၅,၀၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၆,၆၅၁ | ၁၉,၆၂၀,၄၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၃ | ၂၃,၁၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂,၉၂၁ | ၈,၁၇၈,၈၀၀ |
| EFR | ၁,၅၀၀ | ၁,၅၅၀ | ၁,၂၆၅ | ၁,၉၂၇,၇၅၀ |
| AMATA | ၃,၇၅၀ | ၄,၀၀၀ | ၉၂၂ | ၃,၅၁၅,၈၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၅၀ | ၆၁ | ၁၉၂,၁၅၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၁၆ | ၄၉,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

✰ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံသို့ ရောက်ရှိကြပြီး အပျက်အစီးများဖယ်ရှားရှင်းလင်းပြီးစီးမှု၊ အန္တရာယ်ရှိသည့် အပျက်အစီးများအား ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရုံးခန်းအဆောက်အအုံများ၌ ထိခိုက်ပျက်စီးမှု၊ ရုံးအဆောက်အအုံရှေ့၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများ ဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ လုပ်ငန်းများ ပြတ်တောက်မှု မရှိစေရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရုံးခန်းများအလိုက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံပတ်လမ်းအတိုင်း ထိခိုက်ပျက်စီးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များဖြင့် စစ်ဆေးချက်များအရ ရုံးအဆောက်အအုံကို အပိုင်းလိုက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်မည့်အခြေအနေများ၊ ဖြိုချဖျက်ဆီးရမည့်အပိုင်းများကို စနစ်တကျ ဖြိုချဖျက်ဆီးသွားမည့် အခြေအနေများ၊ ရုံးအနောက်ဘက်ခြမ်း၌ မြေထိန်းနံရံကို စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံတို့သည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု ကြီးမားခဲ့ရသည့် အဆောက်အအုံများစာရင်း၌ ပါဝင်ကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဖြစ်စေရေးအတွက် ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာ ပညာရှင်များ၏ အကြံဉာဏ်များရယူခြင်း၊ မြေအရည်အသွေးစမ်းသပ်စစ်ဆေးခြင်း၊ စနစ်တကျတွက်ချက်၍ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ကနဦးဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်၍ ရုံးအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



အလုပ်သမားဝန်ကြီးဌာနရုံးအဆောက်အအုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံ့ဝန်ထမ်းဥပဒေကိုတတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၉/၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) ရာထူးဝန်အဖွဲ့က ရာထူးအဆင့်အလိုက်သတ်မှတ်ထားသော သင်တန်းများအပြင် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းများကိုလည်း တက်ရောက်ခြင်း၊"

**ရှင်းလင်းချက်။** ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းဆိုသည်မှာ ယင်းရာထူးတာဝန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က အသိအမှတ်ပြုသောသင်တန်းကိုဆိုသည်။

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ပုဒ်မ ၂၉။ အထူးကိစ္စရပ်မှအပ ဝန်ထမ်းကို ရာထူးတိုးမြှင့်ခန့်ထားရာတွင် -

(က) ရာထူးဝန်အဖွဲ့က သက်ဆိုင်ရာ ရာထူးအဆင့်အလိုက် သတ်မှတ်ထားသောသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။

(ခ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။"

**ရှင်းလင်းချက်။** အထူးကိစ္စရပ်ဆိုသည်မှာ ဝန်ထမ်း၏လုပ်ငန်းစွမ်းဆောင်ရည်ပေါ်မူတည်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ရာထူးတိုးမြှင့်ပေးသင့်သည်ဟု သုံးသပ်ဆုံးဖြတ်သောကိစ္စရပ်ကိုဆိုသည်။

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၃၅ ပါ "ဗဟိုဝန်ထမ်းတက္ကသိုလ်များ" ဆိုသည့်စကားရပ်ကို "နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund–UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ငလျင်ဒဏ်သင့်ဒေသများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးဘက်ပစ္စည်းများ ထောက်ပံ့ပေးမည့်အခြေအနေတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

**သတင်းစဉ်**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် ဒုတိယဥက္ကဋ္ဌ(၂)တို့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၇**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့သည် တာဝန်များပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr.Marcoluigi Corsi အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာန (Disaster Management Centre) ဧည့်ခန်း၌ ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ငလျင်ဘေးသင့် ပြည်သူများအတွက် နိုင်ငံတကာနှင့် ကုလသမဂ္ဂမှ အကူအညီပေးအပ်မှုများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အခြေအနေများ၊ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ရေရှည်ဆက်ဆံပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**ပွင့်ဖြူ မေ ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးက မေ ၂၆ ရက်တွင် လျှပ်စစ်ဝန်ထမ်းများအဖွဲ့က မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းနိုင်ဦးဆောင်၍ ဝန်ထမ်းများပူးပေါင်းအဖွဲ့က မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးထားသော သန့်ဇင်လမ်းနှင့် ပိတောက်လမ်းပေါ်ရှိ ၁၁ ကေဗွီနှင့် ဝ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းတစ်လျှောက် စစ်ဆေးပြီး လျော့ကျနေသော ဓာတ်အားလိုင်းကြိုးများကို ပြန်လည်ပြုပြင်ခြင်း၊ ကြွေသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃–၉–၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## စက်မှုဖွံ့ဖြိုးရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

# နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍတွင်ရှိသော စက်ရုံများ၊ အလုပ်ရုံများ အရည်အသွေးကောင်းမွန်သော စက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည်




စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၇**

စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် စက်မှုဖွံ့ဖြိုးရေး ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စိစစ်သုံးသပ်နိုင်**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက စက်မှုဖွံ့ဖြိုးရေး ကော်မရှင် ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်တွင်းရှိ စက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စက်မှုလုပ်ငန်းစီမံကိန်းအသစ်များ စနစ်တကျထူထောင်အကောင်အထည်ဖော်နိုင်ရေးဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍတွင်ရှိသော စက်ရုံများ၊ အလုပ်ရုံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စက်မှုလုပ်ငန်းအဖြစ် ရေရှည်ရပ်တည်နိုင်ပြီး အရည်အသွေးကောင်းမွန်သော စက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် One Stop Service (OSS) အစီအစဉ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန်(၁၆)ချက်နှင့် ပတ်သက်၍ လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်ရမည့် တာဝန်ခံဝန်ကြီးဌာနများလည်း သတ်မှတ်ပြီးဖြစ်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ စက်မှုဖွံ့ဖြိုးရေးကဏ္ဍကို အထောက်အကူပြုနိုင်ရေးအတွက် မိမိတို့အကောင်အထည်ဖော်ပေးရမည့် လုပ်ငန်းတာဝန်အလိုက် တာဝန်ခံဌာနသို့မဟုတ် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခဲ့မှုများကို လစဉ်တင်ပြပေးစေလိုကြောင်း၊ သို့မှသာ KPI များနှင့် Target များအတိုင်း ထိရောက်စွာအကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်အကဲဖြတ်ခြင်း (Monitoring & Evaluation) ဆောင်ရွက်မည့်ဌာနသို့ပေးပို့ပြီး စိစစ်သုံးသပ်နိုင်မည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

လက်ရှိအချိန်တွင် ပြန်လည်ထူထောင်ရေးအတွက်ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေ၊ သံမဏိ အစရှိသည့် ပစ္စည်းများ လိုအပ်လျက်ရှိရာ ပြည်တွင်း၌တည်ဆောက်ပြီးဖြစ်သည့် စက်ရုံများကို စွမ်းအားပြည့်လည်ပတ်နိုင်ရေးပံ့ပိုးပေးရန် လိုအပ်သကဲ့သို့ စက်ရုံသစ်စီမံကိန်းများ တိုးပွားလာရေးကိုလည်း တစ်ပြိုင်နက် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ကြမ်းများ အသုံးပြုပြီး သွင်းကုန်အစားထိုး ထုတ်လုပ်ရန် ကြိုးပမ်းနေသကဲ့သို့ ပြည်ပမှ ကုန်ချောများ တိုက်ရိုက်တင်သွင်းခြင်းအစား တစ်ဝက်တစ်ပျက်ကုန်ချော (Semi Product) များ တင်သွင်းပြီး ပြည်တွင်း၌ ကုန်ချော (Finished–Product) များ ထုတ်လုပ်နိုင်ရေးကိုလည်း စဉ်းစား ဆောင်ရွက်ပေးစေလိုကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေအသုံးပြုမှုလျှော့ချနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အစည်းအဝေးတက်ရောက်လာကြသည့် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရမည့် အဓိကစွမ်းဆောင်ရည်ညွှန်းကိန်း (KPI) နှင့် ဦးတည်ရလဒ် (Target)များ၊ ကော်မရှင်၏ ရည်မှန်းချက်နှင့် မဟာဗျူဟာများအပေါ် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုဖွံ့ဖြိုးရေးကော်မရှင် အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်သို့ တင်ပြလာသည့် အမှာစာများကိုလည်းကောင်း၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ထူထောင်ရန်အတွက် ဆောက်လုပ်ရေး လုပ်ငန်းသုံး ဘိလပ်မြေ၊ သံချောင်းလုံးနှင့် Steel Structure များ လိုအပ်မှု၊ ပြည်တွင်း ဘိလပ်မြေစက်ရုံများနှင့် သံမဏိစက်ရုံများ၏ ထုတ်လုပ်မှု၊ ကုန်ကြမ်းလိုအပ်မှုနှင့် ဘိလပ်မြေနှင့် သံချောင်းလုံး တင်သွင်းရမည့် အခြေအနေတို့ကို လည်းကောင်း၊ တက်ရောက်လာကြသည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စက်မှုဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအရေးပါသော အခြေခံအထောက်အပံ့ကောင်းဖြစ်ခြင်းကြောင့် အဖွဲ့ဝင် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံပိုင် စက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ ပုဂ္ဂလိကစက်မှုကဏ္ဍအတွက်ဖြစ်စေ ခွင့်ပြုမိန့်များတောင်းခံလာပါက ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးနည်းများနှင့်အညီ သက်ဆိုင်ရာဌာနများက မြန်ဆန်စွာ ဆောင်ရွက်ပေးရန် အဓိက မှာကြားလိုကြောင်း၊ နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဖြင့် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ထိထိရောက်ရောက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် မေ ၂၇**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိရာ မေ ၁၃ ရက်မှ ၁၉ ရက်အထိ အခြေအနေကို မေ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခုအခါ မေ ၂၀ ရက်မှ ၂၇ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ထိုင်းနိုင်ငံရောက် စေတနာရှင်များ၊ သီရိလင်္ကာနိုင်ငံနှင့် တရုတ်နိုင်ငံ၊ ချုံချင့်မြူနီစီပယ်အစိုးရတို့က ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာတဲ၊ မီးစက်၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့လည်းကောင်း၊ မီးစက်၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်းများကို ဘေးသင့်လူဦးရေ အချိုးအစားအပေါ်မူတည်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဖြန့်ခွဲပေးပို့ပြီးဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် ဒီဇယ်ဆီတန် ၁၁၉၃၀ ဒသမ ၅၀၅ နှင့် ဓာတ်ဆီတန် ၂၉၄၀ ဒသမ ၀၅၅ တို့သည် မေ ၂၃ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ထပ်မံရောက်ရှိခဲ့ရာ စုစုပေါင်းဒီဇယ်ဆီတန် ၂၉၉၃၀ ဒသမ ၅၀၅ နှင့် ဓာတ်ဆီတန် ၁၉၉၄၀ ဒသမ ၀၅၅ တို့ကို စွမ်းအင်ဝန်ကြီးဌာနက စနစ်တကျ သိမ်းဆည်းသိုလှောင်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။

အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဘိလပ်မြေ ၂၂၅ တန် (အိတ် ၄၅၀၀)သည် မေ ၂၄ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက လွှဲပြောင်းပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူပြီးနောက် ဘေးသင့်ဒေသများသို့ ပို့ဆောင်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်သည်။

ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ငလျင်ဘေးသင့်ဒေသများတွင် ယာယီရုံးများအဖြစ် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတ နိုင်ငံက လှူဒါန်းသည့် Prefabricated Office အလုံး ၅၀၀ အနက် အလုံး ၃၄၀ သည် မေ ၂ ရက်တွင်လည်းကောင်း၊ အလုံး ၁၆၀ သည် မေ ၂၄ ရက်တွင် လည်းကောင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ဘေးသင့်ဒေသများတွင် ယာယီရုံးများအဖြစ် တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၇ သို့ ✳**



ထိုင်းနိုင်ငံရောက် စေတနာရှင်များ၏ လှူဒါန်းပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



သီရိလင်္ကာနိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။


တရုတ်နိုင်ငံ ချုံချင့်မြူနီစီပယ်အစိုးရမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိမှု မှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံမှ လှူဒါန်းသည့် ဓာတ်ဆီ မတ်ထရစ်တန် ၂၉၄၀ ဒသမ ၀၅၅ နှင့် ဒီဇယ် မတ်ထရစ်တန် ၁၁၉၃၀ ဒသမ ၅၀၅ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။


အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဘိလပ်မြေ ၂၂၅ တန် လွှဲပြောင်းလက်ခံမှုမှတ်တမ်းဓာတ်ပုံ။

**✻ စာမျက်နှာ ၆ မှ**

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ယာယီအိမ်များအဖြစ် အသုံးပြုရန် လှူဒါန်းသည့် Prefabricated House အလုံး ၄၅၀၀ အနက် ၁၅၇၆လုံးသည် မေ ၉ ရက်တွင် လည်းကောင်း၊ ၁၈၀၄ လုံးသည် မေ ၁၃ ရက်တွင်လည်းကောင်း၊ အလုံး ၁၁၂၀ သည် မေ ၂၄ ရက်တွင် လည်းကောင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီးဘေးသင့်ဒေသများ၌ တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် မတ် ၂၈ ရက်မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၆၁ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၃၂ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ မော်တော်ယာဉ် ၁၁ စီးဖြစ်သည်။

နိုင်ငံတကာ အလှူရှင်များက မေ ၂၀ ရက်မှ မေ ၂၇ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများကို ဘေးသင့်ပြည်သူများ အတွက် ဖြန့်ခွဲပေးပို့နိုင်ရေး ဆောင်ရွက်ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံး ရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင် တစ်ကြိမ်ဆက်လက်သတင်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။

ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်

(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၄၅၈၈ | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၄၈ | ၄၆၀၂ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | ၁၅၀ | ၂၀၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၆၁ | ၄ | ၂၅ | ၁၄၉၇ | - | ၅၁၄ | ၇၂၁ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | | ၉၄၈ | ၁၂၇၄ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၆၅ | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၇၄ | ၁၈၂ | ၂၅၇ | ၁၆ | ၁၉ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၁၀၀ | ၂၇ | ၄၇ | ၂၀ | ၆ | - | - | |
| | | ဖာ | ၁၈၇၀၆ | ၉၅၉၇ | ၇၂၈၈ | ၁၃၃၁ | ၄၀၄ | ၈၆ | - | |
| | | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကဒ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၈၉ | ၂၅ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | ၄၃၈၈ | ၁၀၀၇ | ၂၂၈၆ | ၉၅၄ | ၁၀၈ | ၃၃ | - | |
| | | ထုပ် | ၁၇၈၅ | ၆၉၀ | ၉၅၉ | ၇၂ | ၆၄ | - | - | |
| | | ခု | ၁၆၆၄ | ၇၄၅ | ၇၇၃ | ၆၇ | ၇၉ | - | - | |
| | | ထည် | ၅၉ | ၂၇ | ၂၄ | ၄ | ၄ | | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၇ | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၉၈ | ၃၉ | ၄၀ | ၉ | ၈ | ၂ | - | |
| | | စုံ | ၂၁၀၈ | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၃၁ | ၁၃၀ | ၁၇၆ | ၁၄ | ၁၁ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | ၆၆၆ | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၇၆၇ | ၂၆ | - | - | - | ၁၇၄၁ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

ထိုင်းနိုင်ငံရောက်စေတနာရှင်များ လှူဒါန်းသည့်ပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ

(၂၀-၅-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၂၂ | ၈ | ၈ | ၂ | ၄ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၁၆ | ၆ | ၆ | ၁ | ၃ | - | - | |
| ၃ | အိမ်သုံးပစ္စည်းများ | မျိုး | ၁ | ၁ | - | - | - | - | - | |
| ၄ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | ၁၀ | - | - | - | - | ၁၀ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

သီရိလင်္ကာနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ

(၂၀-၅-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၇ | - | - | - | - | - | ၁၇ | |
| ၂ | မီးစက် | လုံး | ၉ | ၃ | ၃ | ၁ | ၁ | ၁ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| ၃ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၁၉၀၇ | ၈၇၇ | ၈၅၆ | ၇၈ | ၉၆ | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | - | - | |
| ၄ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၄၂၉ | ၁၉၈ | ၁၈၇ | ၁၉ | ၂၅ | - | - | |
| | | ထုပ် | ၃၁၀ | ၁၄၂ | ၁၃၈ | ၁၂ | ၁၈ | - | - | |
| | | ထည် | ၅၉ | ၂၇ | ၂၄ | ၄ | ၄ | - | - | |
| ၅ | အိမ်သုံးပစ္စည်းများ | ဖာ | ၆၇ | ၂၉ | ၂၉ | ၄ | ၅ | - | - | |
| | | စုံ | ၁၀၈ | ၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၆ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ဖာ | ၂၁ | ၈ | ၈ | ၂ | ၃ | - | - | |
| ၇ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၆၁ | - | - | - | - | ၆၁ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

တရုတ်နိုင်ငံ၊ ချုံချင့်မြူနီစပယ်အစိုးရမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ

(၂၀-၅-၂၀၂၅ ရက်နေ့မှ ၂၇-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | Sleeping Bags | ထုပ် | ၇၄ | ၃၄ | ၃၃ | ၄ | ၃ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၃၆၇ | ၁၆၈ | ၁၆၂ | ၁၇ | ၂၀ | - | - | |
| | | ခု | ၁၄၄၄ | ၆၆၄ | ၆၅၀ | ၅၈ | ၇၂ | - | - | |
| | | ထုပ် | ၂ | - | - | ၁ | ၁ | - | - | |
| ၃ | အိမ်သုံးပစ္စည်းများ | ဖာ | ၂၀ | ၇ | ၇ | ၃ | ၃ | - | - | |
| ၄ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ဖာ | ၈ | ၃ | ၃ | ၁ | ၁ | - | - | |
| ၅ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၂၉ | - | - | - | - | ၂၉ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

# သဘာဝဘေးဒဏ်သင့်ကာလအလွန် စဉ်းစားချက်များ

စောနိုင် (အသုံးချဘောဂဗေဒ)

### သဘာဝဘေးအန္တရာယ်များနှင့် ပိုမိုရုန်းကန်ရမှု

မိုးခေါင်ခြင်း၊ ရေကြီးခြင်းမှသည် မြေငလျင်၊ ဆူနာမီ၊ လေမုန်တိုင်းအထိ ထိခိုက်ပျက်စီးမှုအနည်းအများသာကွာသည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့ကို တိုတောင်းလှသော သက်တမ်းအတွင်း လူသားတို့ တွေ့ကြုံခံစားခဲ့ရပြီးဖြစ်သည်။ သဘာဝဘေးအန္တရာယ်များသည် လူ့အသိုက်အဝန်းများ၊ နိုင်ငံများ၏ လူ့စွမ်းအားအရင်းအမြစ်၊ ဥစ္စာဓနအပါအဝင် ပိုင်ဆိုင်မှုမှန်သမျှကို အင်နှင့်အားနှင့် ဖျက်ဆီးပစ်နိုင်ကြောင်း လက်တွေ့ကျကျ မြင်တွေ့ခဲ့ကြရပြီးဖြစ်၏။ ထိုသို့ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့ရသည့် နိုင်ငံများသည် နိုင်ငံထူထောင်ရေး၊ နိုင်ငံတည်ဆောက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အခြားသောနိုင်ငံများထက် ပိုမိုခက်ခဲ၏။ ပိုမိုရုန်းကန်ရ၏။

### ကြီးမားသော ဆုံးရှုံးနစ်နာမှုများ

ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများထဲတွင် လူသားသည် အဖိုးတန်ဆုံးနှင့် အရေးပါဆုံးဖြစ်သည်။ လူ့အသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာစည်ပင်ရေး၊ အေးချမ်းသာယာရေးတို့အတွက် အဓိကအကျဆုံး ဇာတ်ကောင်လည်းဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးဒဏ်ကြောင့် လူသားတို့၏ အသက်အန္တရာယ်ဆုံးရှုံးမှုသည် ပြန်လည်အစားထိုးမရနိုင်သည့် လူ့စွမ်းအားအရင်းအမြစ် ထိခိုက်မှုဖြစ်ပြီး လူ့အဖွဲ့အစည်းအတွက် ကြီးမားသော ဆုံးရှုံးနစ်နာမှုများပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် နိုင်ငံများ၊ လူ့အဖွဲ့အစည်းများအတွင်းရှိ အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များ ထိခိုက်ပျက်စီးမှုဖြစ်စေခဲ့သည်ကို မဝေးသေးသော အတိတ်ကာလများတွင် ကျရောက်ခဲ့သည့် သဘာဝဘေးဒဏ်သင့်အခြေအနေများက သက်သေအဖြစ် ပြသနေခဲ့ပြီဖြစ်၏။

၂၀၀၁ ခုနှစ်က အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် ဖြစ်ပွားသည့် မြေငလျင်၌ လူပေါင်း ၁၃၀၀၀ မှ ၂၀၀၀၀ ကျော်၊ ၂၀၀၄ ခုနှစ်က အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပွားခဲ့သော မြေငလျင်နှင့် ဆူနာမီလှိုင်းဒဏ်ကြောင့် အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ထိုင်း၊ မော်လ်ဒိုက်နှင့် ဆိုမာလီယာနိုင်ငံတို့မှ လူပေါင်း ၂၀၀၀၀၀ ကျော်၊ ၂၀၀၅ ခုနှစ်က ပါကစ္စတန်နိုင်ငံ ကက်ရှ်မီးယားငလျင်တွင် လူပေါင်း ၈၇၀၀၀ ကျော်၊ ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသတွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် လူပေါင်း ၁၄၀၀၀၀ ကျော်၊ အဆိုပါနှစ်မှာပင် တရုတ်နိုင်ငံ စီချွမ်ဒေသတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် လူပေါင်း ၇၀၀၀၀ ကျော်၊ ၂၀၁၀ ပြည့်နှစ် ဟေတီနိုင်ငံ ငလျင်တွင် လူပေါင်း ၁၀၀၀၀၀ မှ ၃၀၀၀၀၀ ကျော်၊ ၂၀၁၁ ခုနှစ် ဂျပန်နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်နှင့် ဆူနာမီဘေးအန္တရာယ်၌ လူပေါင်း ၁၉၀၀၀ ကျော် အသက်ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ခဲ့ပါသည်။ (Wikipedia နှင့် နိုင်ငံတကာသတင်းများ)

### မတူညီသောအခြေအနေများနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းမှု

သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်မှုအတိုင်းအတာပမာဏသည် ဒေသတစ်ခုနှင့်တစ်ခု၊ တစ်နေရာနှင့်တစ်နေရာ တူညီကြမည်မဟုတ်။ ထို့ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများသည်လည်းကောင်း၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ငွေကြေးပမာဏ၊ လူ့စွမ်းအားအရင်းအမြစ်၊ အချိန်ကာလ၊ စီမံခန့်ခွဲမှုစသည့် အခြေအနေများသည်လည်းကောင်း ထပ်တူကျ တူညီနိုင်မည်မဟုတ်ပါ။ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲမှာပင် ထပ်မံရင်ဆိုင် ဖြေရှင်းရမည့်

**❝ သဘာဝဘေးဒဏ်သင့်ကာလအလွန်တွင် ဘီသုံးလုံးဟု အတိုကောက်ခေါ်သည့် "ပိုမိုကောင်းမွန်သော ပြန်လည်တည်ဆောက်မှု" (Building Back Better) အခွင့်အလမ်းများရှိနေသည်ဟု ရှုမြင်သူများလည်းရှိသည်။ ဤနေရာတွင် "ပိုမိုကောင်းမွန်သော" (Better) ဝေါဟာရ၏အဓိပ္ပာယ်ကို ရှင်းလင်းစွာ သဘောပေါက်ရန် အရေးကြီးသည်ဟု ဆိုသည်။ ပုဂ္ဂလိကတစ်ဦးချင်း ပိုင်ဆိုင်သည့်နေအိမ်၊ အဆောက်အအုံများကိုဖြစ်စေ၊ လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများ စသဖြင့် အများပြည်သူနှင့်သက်ဆိုင်သော အခြေခံအဆောက်အအုံများကိုဖြစ်စေ ယခင်ကာလများထက် သဘာဝဘေးအန္တရာယ်ဒဏ် ပိုမိုခံနိုင်ရည်ရှိစေရန် လုံခြုံစိတ်ချရမှု စံနှုန်းများနှင့်အညီ ပြန်လည်တည်ဆောက်နိုင်ခြင်းဖြစ် ❞**

နောက်ဆက်တွဲအခြေအနေ၊ အခက်အခဲအမျိုးမျိုး ဆက်လက်ပေါ်လာနိုင်သေးသည်။

သဘာဝဘေးအန္တရာယ်အလွန် ကာလတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများ ဖြည့်ဆည်းပေးနိုင်သည့် အခြေအနေရှိနေသည့်တိုင် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရန်မှာ ထင်သလောက် လွယ်ကူနိုင်မည်မဟုတ်ပေ။ အချို့သောလူတို့၏ စိတ်ခံစားမှုများမှာ သေရာပါဒဏ်ရာများပင် ဖြစ်သွားနိုင်သည့်အခြေအနေရှိသည်ဟု ကျွမ်းကျင်သူများက ဆိုသည်။ ထို့ကြောင့် သဘာဝဘေးဒဏ်ကြောင့်ဖြစ်ခဲ့သည့် ဆိုးရွားသော စိတ်ခံစားမှုဝေဒနာများ သက်သာပြေလျော့စေရေးအတွက် စိတ်ပိုင်းဆိုင်ရာကျွမ်းကျင်သူများ၏ အကြံပေးချက်များ၊ ကုသမှုများ၊ ယုံကြည်ကိုးကွယ်ရာ ဘာသာရေးအဆုံးအမများဖြင့် ကုသဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သည်။

### စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများမတူနိုင်

သဘာဝဘေးအန္တရာယ်ကြောင့် ကြုံတွေ့ရသော စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများနှင့်ပတ်သက်၍ လေ့လာရာတွင် ဖွံ့ဖြိုးပြီး ချမ်းသာသောနိုင်ငံများထက် ဖွံ့ဖြိုးဆဲ ဆင်းရဲသောနိုင်ငံများက ထိခိုက်မှု၊ ဆုံးရှုံးနစ်နာမှု ပိုမိုများပြားသည်။ ဥပမာပေးရလျှင် လွန်ခဲ့သော ၁၅ နှစ်ခန့် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလက ကာရစ်ဘီယံပင်လယ်ဒေသရှိ ဆင်းရဲနွမ်းပါးသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဟေတီတွင် ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ဝ ရှိသော ငလျင်လှုပ်ခတ်ခဲ့ပြီး အဆိုပါနှစ် ဖေဖော်ဝါရီလမှာပင် တောင်အမေရိကတိုက်ရှိ စီးပွားရေးအခြေအနေကောင်းမွန်သော ချီလီနိုင်ငံ၌ ရစ်ချ်တာစကေး ၉ နီးပါး ပြင်းအားရှိသည့် ငလျင်လှုပ်ခတ်ခဲ့သည်။

ငလျင်များ၏ဒဏ်ကြောင့် ဟေတီ၌ လူသေဆုံးမှု ခန့်မှန်းခြေတစ်သိန်းမှ သုံးသိန်းကျော်အထိ ရှိခဲ့ပြီး ဟေတီနိုင်ငံထက် ငလျင်ပြင်းအားပိုသည့် ချီလီနိုင်ငံတွင် လူသေဆုံးမှုမှာ လူဦးရေ ငါးရာဝန်းကျင်သာ ရှိခဲ့သည်ကို တွေ့ရသည်။ စီးပွားရေးအရ ဆုံးရှုံးမှုများတွင်လည်း ချီလီနိုင်ငံသည် ဟေတီနိုင်ငံထက် ပိုမိုနည်းပါးခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းသည့် နိုင်ငံများသည် ဝင်ငွေနိမ့်၍ ဆင်းရဲနွမ်းပါးသည့် နိုင်ငံများထက် ထိခိုက်မှု ပိုမိုနည်းပါးသည်ဟု ကောက်ချက်ချခဲ့ကြသည်။

### သဘာဝဘေးအန္တရာယ်နှင့် လယ်ယာကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှု

သဘာဝဘေးဒဏ်ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေပြုနေထိုင်ကြသည့် လူ့အဖွဲ့အစည်းများ ထိခိုက်ပျက်စီးမှုရှိခဲ့ပါက ဆင်းရဲနွမ်းပါးမှုအခြေအနေပါ ပိုမိုဆိုးရွားလာနိုင်သည်ဟု သတိထားမိကြသည်။ ယခင်ကတည်းက ဝင်ငွေနည်းပါးလျက် လယ်ယာကဏ္ဍကို အမှီပြုနေသော ဆင်းရဲနွမ်းပါးသည့် လူ့အဖွဲ့အစည်းများတွင် နေ့စဉ်စားဝတ်နေမှု အခြေခံလိုအပ်ချက်များအတွက် ပိုမိုခက်ခဲစွာ ရုန်းကန်ရသည့် အခြေအနေဖြစ်လာသည်။ စိုက်ပျိုးသီးနှံ ထိခိုက်ပျက်စီးမှုများကြောင့် သီးနှံအထွက်လျော့မှု၊ ဝင်ငွေကျဆင်းမှုများရှိလာသဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်ရေး၊ (ချေးငွေများရယူထားမိပါက) ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ရေးတို့အတွက် ၎င်းတို့လုပ်ငန်းသုံးစက်ကိရိယာ၊ ကျွဲ၊ နွား အပါအဝင် အခြားသောပိုင်ဆိုင်မှုများ ရောင်းချဖြေရှင်းမှုများ ပြုလုပ်ကြရသည်။

ထို့ကြောင့် တောင်သူလယ်သမားများ ချေးငွေပြန်လည်ပေးဆပ်ရန်နှင့် လုပ်ငန်းဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အထောက်အကူပြုအစီအစဉ်များဖြင့် ကုစားပေးရန်လိုသည်။ ၎င်းတို့ကို ထောက်ပံ့ကူညီမှုများ ထိထိရောက်ရောက် ပြုလုပ်မပေးနိုင်ခဲ့ပါက **"ဆင်းရဲနွမ်းပါးမှုထောင်ချောက်များ (poverty trap) အတွင်းသို့ ကာလရှည်ကျရောက်သွားနိုင်သည်"**ဟု သုတေသီ၊ ပညာရှင်တို့က သုံးသပ်ကြသည်။ သဘာဝဘေးဒဏ်သင့်ခဲ့သည့် နိုင်ငံအချို့ ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများ၊ အချက်အလက်၊ အထောက်အထားများအရ သဘာဝဘေးဒဏ်ခံရသည့် ဒေသများတွင် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်တက်လာသည်ဟု ဆိုကြသည်။

### ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အနာဂတ်မျိုးဆက်များအပေါ် သက်ရောက်မှု

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲနွမ်းပါးသည့် မိသားစုရာခိုင်နှုန်း များပြားသဖြင့် သဘာဝဘေးဒဏ်သင့်ကာလအလွန်၌ စီးပွားရေးပြန်လည်နာလန်ထူနိုင်ရေးအစီအစဉ်များကို ထိထိရောက်ရောက် မလုပ်ဆောင်နိုင်ပါက နိုင်ငံအတွင်းရှိ ဆင်းရဲနွမ်းပါးသည့် မိသားစုများအပေါ် သက်ရောက်မှုပိုမိုကြီးမားလာနိုင်သည်။ ထိုမိသားစုများ၏ ရှင်သန်ရပ်တည်မှု ပိုမိုခက်ခဲလာပြီး အနာဂတ်ကာလ မျိုးဆက်သစ်များအထိပါ သက်ရောက်မှုများဖြစ်လာနိုင်သည်ဟု သုံးသပ်ကြ၏။ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုအများစုတွင် မိသားစုဝင်ငွေ ဖြည့်ဆည်းနိုင်ရေးအတွက် သားသမီးများကိုကျောင်းထုတ်၍ အလုပ်ခိုင်းစေမှုများပြားလာသဖြင့် အခြေခံပညာရေးကဏ္ဍ၌ ကျောင်းတက်ရောက်သည့်ဦးရေ ကျဆင်းလာနိုင်သည်။

အကျိုးဆက်အားဖြင့် အဆိုပါနိုင်ငံ၏ အနာဂတ်ကာလ စာပေတတ်မြောက်မှုနှုန်း လျော့ကျလာပေလိမ့်မည်။ မိုးခေါင်ရေရှားသည့်ဒဏ် ခံရလေ့ရှိသော တန်ဇန်းနီးယား၊ ဇင်ဘာဘွေ စသည့် အာဖရိကနိုင်ငံများတွင် ကျောင်းပညာရေးစိတ်ဝင်စားမှု နည်းပါးသော၊ အာဟာရချို့တဲ့၍ မှတ်ဉာဏ်စွမ်းရည်ချို့တဲ့သော ကလေးနှင့်လူငယ်အရေအတွက် မြင့်တက်လာခဲ့ပြီး ဝင်ငွေနိမ့်ကျသော လုပ်သားအင်အားများပြားလာသည်ဟု လေ့လာမှုစစ်တမ်းများက ထောက်ပြထားကြသည်။

### ပြန်လည်နာလန်ထူနိုင်ရေး မည်သို့မည်ပုံ

သဘာဝဘေးဒဏ်သင့်နိုင်ငံများတွင် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်အတူ နိုင်ငံအတွင်းရှိ ကဏ္ဍစုံ ပြန်လည်နာလန်ထူနိုင်ရေး အားထုတ်မှုများကို လုပ်ဆောင်ရာ၌ မူဝါဒများ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ရခြင်းလုပ်ငန်းများသည် (ပုံမှန်အခြေအနေနှင့်လုံးဝမတူ) ရှုပ်ထွေး၊ ခက်ခဲလျက် စိန်ခေါ်မှုများပြည့်လျက်ရှိနေသည်။

ပျက်စီးသွားခဲ့သော နေအိမ်၊ အဆောက်အအုံ၊ ပိုင်ဆိုင်မှုပစ္စည်း စသဖြင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများ ပြန်လည်ဖြည့်ဆည်းပေးရာတွင် လည်းကောင်း၊ ခံစားခဲ့ရသော စိတ်ပိုင်းဆိုင်ရာဝေဒနာများ လျော့ပါးသက်သာစေရေး ကုစားပေးရာတွင်လည်းကောင်း ငွေကြေးနှင့် လူ့စွမ်းအားအရင်းအမြစ် အင်နှင့်အားနှင့် လိုအပ်သည်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းထောက်ပံ့ပေးနိုင်သည့်တိုင် စိတ်ပိုင်းဆိုင်ရာဝေဒနာများ လျော့ပါးသက်သာစေရေးအတွက် လုပ်ဆောင်ပေးရာတွင် ထင်သလောက်မလွယ်ကူပေ။ ဘာသာရေး အဆုံးအမများဖြင့် လည်းကောင်း၊ စိတ်ပညာဆိုင်ရာနည်းလမ်းများဖြင့် လည်းကောင်း အကြံပေးခြင်း၊ ဆွေးနွေးနှစ်သိမ့်ပေးခြင်းတို့ ပြုလုပ်ပေးနိုင်သူ ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပေသည်။

လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ၏ စီးပွားရေးပြန်လည်ရှင်သန်နိုင်ရေးအတွက် အစိုးရအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကူအညီ အထောက်အပံ့များ လျင်လျင်မြန်မြန်ပေးနိုင်သည့် အစီအမံများ လုပ်ဆောင်ပေးနိုင်မှုသည် အရေးကြီး၏။ သဘာဝဘေးဒဏ်သင့် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်က လုပ်ဆောင်ရမည့် ပြန်လည်ထူထောင်ရေး အသေးစိတ်စီမံချက်များတွင် အားနည်းချက်၊ အားသာချက်၊ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို အုပ်စုခွဲ၍ အုပ်စုတစ်စုချင်း အသေးစိတ်ဖော်ထုတ်လျက် ဆက်စပ်လုပ်ဆောင်ရန် လိုအပ်ပါသည်။

### စိန်ခေါ်မှုများကို ရင်ဆိုင်ရင်း အခွင့်အလမ်းရှာ

**အခြေအနေတိုင်းတွင် စိန်ခေါ်မှု( အခက်အခဲ) နှင့် အခွင့်အလမ်းများ ယှဉ်တွဲရှိနေတတ်သည်။ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရင်း အခွင့်အလမ်းသစ်များကို ရှာဖွေနေရမည်။ သဘာဝဘေးဒဏ်သင့်ကာလအလွန် ပြန်လည်ထူထောင်ရေး အရှိန်အဟုန်ပြင်းထန်မှုသည်လည်း အရေးကြီးသည်။ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားနည်းသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိုအချက်ကို ပို၍ အလေးထားသင့်သည်။ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနေရင်းမှာပင် ပေါ်ထွက်လာသော အခွင့်အလမ်းသစ်များ အမိအရဖမ်းဆုပ်၍ ပိုမိုကောင်းမွန်သည့် အခြေအနေသစ်များကို ဖန်တီးနိုင်ရမည်။ ထိုအခြေအနေမျိုးမရှိခဲ့ပါက စိန်ခေါ်မှုများသည်ကြီးသည်ထက်ကြီးမားလာနိုင်ပြီး အခက်အခဲများ ပိုမိုများပြားလာကာ ဆုံးရှုံးနစ်နာမှုများမှာ ကာလရှည် တည်မြဲသွားတတ်သည်။** စာမျက်နှာ ၉ သို့ ❒

# စွမ်းအင်ဝန်ကြီးဌာန၏ ဝန်ထမ်း သား/သမီးများအား ကျောင်းသုံးပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ကြေးများပေးအပ်

**နေပြည်တော် မေ ၂၇**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်မည့် စွမ်းအင်ဝန်ကြီးဌာန၏ ဝန်ထမ်း သား/သမီးများ ပညာသင်ကြားရန် ကျောင်းသုံးပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ကြေးများပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။




**တွန်းအားပေးဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ စာရေးကိရိယာ၊ သင်ရိုးညွှန်းတမ်းစာအုပ်၊ ပညာသင်ကြေး စသည်တို့ကို အခမဲ့ထောက်ပံ့ပေးနေပါကြောင်း၊ လူငယ်များအနေဖြင့်လည်း **“ပညာရွှေအိုးလူမခိုး” “ပညာရဲရင့်ပွဲလယ်တင့်”** ဆိုသည့် ဆိုရိုးစကားများနှင့်အညီ ပညာသင်ယူတတ်မြောက်မှသာ အသိပညာဗဟုသုတ ကြွယ်ဝပြီး လက်တွေ့ဘဝတွင် တွေ့ကြုံလာမည့် အဆိုးအကောင်းများကို ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိမည်ဖြစ်ပါကြောင်း၊ ပညာတတ် လူသားအရင်းအမြစ်များဖြင့်သာ နိုင်ငံတော်ကိုတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် **“လက်ဦးဆရာ မည်ထိုက်စွာ ပုပ္ဗာစရိယ မိနှင့်ဖ”** ဆိုသည့်ဆိုရိုးစကားနှင့်အညီ မိဘတိုင်းမိမိတို့၏သား/သမီးများ ပညာတတ်မြောက်ရန်တင်မကဘဲ ဗလငါးတန်နှင့်ပြည့်စုံစေရန် ပြုစုပျိုးထောင်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မူကြိုမှ Grade –12 အထိ တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ် သည်။

**ထောက်ပံ့ပေးအပ်**

ယနေ့အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန၏ ဝန်ထမ်းသားသမီးများမှ မူကြို ၁၃၈ ဦး၊ မူလတန်း ၂၄၈၇ ဦး၊ အလယ်တန်း ၁၃၄၀၊ အထက်တန်း ၁၁၅၅ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၁၂၀ အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၇၄၄၂၄၀၀၀ အပြင် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းသုံးလွယ်အိတ် စသည့် ကျောင်းသုံးပစ္စည်းများနှင့် ပညာသင်အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❐ စာမျက်နှာ ၈ မှ

### ဘီသုံးလုံး (BBB) သို့မဟုတ် ပိုမိုကောင်းမွန်သော ပြန်လည်တည်ဆောက်မှု

**သဘာဝဘေးဒဏ်သင့် ကာလအလွန်တွင် ဘီသုံးလုံးဟု အတိုကောက်ခေါ်သည့် “ပိုမိုကောင်းမွန်သော ပြန်လည်တည်ဆောက်မှု” (Building Back Better) အခွင့်အလမ်းများ ရှိနေသည်ဟု ရှုမြင်သူများလည်းရှိသည်။ ဤနေရာတွင် “ပိုမိုကောင်းမွန်သော” (Better) ဝေါဟာရ၏ အဓိပ္ပာယ်ကို ရှင်းလင်းစွာ သဘောပေါက်ရန် အရေးကြီးသည်ဟု ဆိုသည်။ ပုဂ္ဂလိကတစ်ဦးချင်း ပိုင်ဆိုင်သည့်နေအိမ်၊ အဆောက်အအုံများကို ဖြစ်စေ၊ လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများ စသဖြင့် အများပြည်သူနှင့် သက်ဆိုင်သော အခြေခံအဆောက်အအုံများကိုဖြစ်စေ ယခင်ကာလများထက် သဘာဝဘေးအန္တရာယ်ဒဏ် ပိုမိုခံနိုင်ရည်ရှိစေရန် လုံခြုံစိတ်ချရမှုစံနှုန်းများနှင့်အညီ ပြန်လည်တည်ဆောက်နိုင်ခြင်းဖြစ်သည်။**

ထိုသို့ ပိုမိုကောင်းမွန်သော ပြန်လည်တည်ဆောက်မှုသည် အနာဂတ်ကာလများတွင် လူသားတို့၏ အသက်ဘေးအန္တရာယ်နှင့် စီးပွားရေးအရ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ပိုမိုလျော့နည်းလာစေပြီး အသက်ရှင်ကျန်ရစ်သူများ၏ လူမှုစီးပွားဘဝများတွင် စိတ်သောကဖိစီးမှုများ တဖြည်းဖြည်း ပြေလျော့လျက် စိတ်ပိုင်းဆိုင်ရာဒဏ်ရာများကို သက်သာရာရလာစေနိုင်သည်။ ထို့ကြောင့် **“ပိုမိုကောင်းမွန်သော ပြန်လည်တည်ဆောက်မှု”** ကို သဘာဝဘေးဒဏ်သင့်နိုင်ငံများက **“ဖွံ့ဖြိုးတိုးတက်မှုအတွက် ခုန်တက်နိုင်မှု”** (Development Leap) အခွင့်အလမ်းတစ်ခုအဖြစ် မှတ်ယူကြခြင်းဖြစ်သည်။

ထိုသို့လုပ်ဆောင်ရာတွင် နိုင်ငံ သို့မဟုတ် လူ့အဖွဲ့အစည်းအတွင်း လူ့စွမ်းအားအရင်းအမြစ် ရရှိနိုင်မှု၊ အရပ်ဒေသနှင့်သင့်လျော်သော နည်းလမ်းတို့ အသုံးပြုမှုတို့ကို ထည့်သွင်းစဉ်းစားနိုင်ရမည်။ ဆိုလိုသည်မှာ တည်ဆောက်မှုများသည် ဒေသခံလူများ၏ ဓလေ့ထုံးစံများ၊ နေထိုင်မှုပုံစံများနှင့် လိုက်လျောညီထွေရှိရန် လိုအပ်ခြင်းဖြစ်သည်။ ထိုသို့မဟုတ်ပါက သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသည်ဟုဆိုသည့်တိုင် လူနေထိုင်မှုအတွက် အထောက်အကူပြုနိုင်မည်မဟုတ်ပါ။

ဒေသခံလူများက ၎င်းတို့၏ ဓလေ့ထုံးစံ၊ နေထိုင်မှုပုံစံအရသင့်လျော်မှုမရှိ၊ ၎င်းတို့နှင့် အကျွမ်းတဝင်မရှိသော အိမ်ရာပုံစံများဟုယူဆပါက အကောင်အထည်ဖော်တည်ဆောက်ပြီးသောအိမ်ရာများတွင် လူနေထိုင်မှုမရှိသည့် နေအိမ်အရေအတွက်များပြားလာနိုင်ပြီး သက်ဆိုင်ရာအစိုးရ၏ အသုံးစရိတ်များသည်လည်း သဲထဲရေသွန်သကဲ့သို့ အကျိုးမရှိဖြစ်နိုင်သည်ဟု သုတေသီအချို့က သုံးသပ်ထားသည်။

### စဉ်းစားရမည့်အခြေအနေများ

သဘာဝဘေးဒဏ်သင့် ဒေသများအတွက် အစိုးရများနှင့် အလှူရှင်များက ထိခိုက်ပျက်စီးမှုများကို လေ့လာသုံးသပ်၊ အကဲဖြတ်၍ ပြန်လည်တည်ဆောက်ရေးအစီအမံ ပြင်ဆင်မှုများနှင့်အတူ ကျွမ်းကျင်သူများကလည်း နည်းပညာဆိုင်ရာ အဆိုပြုချက် (Technical Proposal) များကို ရေးဆွဲကြသည်။ ထိုသို့ပြင်ဆင်ဆောင်ရွက်မှုများတွင် ငွေကြေးရန်ပုံငွေပမာဏ၊ ကျွမ်းကျင်ပညာရှင်များ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ အရည်အသွေး၊ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အတိုင်းအတာ စသဖြင့် ဆက်စပ်မှုရှိသော အချက်များကိုပါ ထည့်သွင်းစဉ်းစားကြရသည်။

**သဘာဝဘေးဒဏ်သင့်သူများအတွက် ပြန်လည်ထူထောင်ရေး၊ နေရာချထားရေးအစီအစဉ်များ ရေးဆွဲရာတွင်လည်း ဆက်စပ်သူများ၏အခွင့်အရေးများ (ဥပမာ၊ တောင်သူလယ်သမားအခွင့်အရေးများနှင့် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများ)၊** မြေယာအခွင့်အရေး၊ မြို့ပြများတွင်ဖြစ်ပါက တရားမဝင် ကျူးကျော်နေထိုင်သူများနှင့် ပတ်သက်သည့်ကိစ္စရပ်များ စသဖြင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစားထားရန် လိုအပ်လာသည်။ နိုင်ငံတွင်းရှိ စီးပွားရေးအင်အားကြီးအုပ်စုများ၏ အကျိုးစီးပွားပဋိပက္ခများနှင့်ပတ်သက်၍လည်း စဉ်းစားချင့်ချိန် လုပ်ဆောင်ရန်လိုအပ်သည်။ လုပ်ငန်းစဉ်အစတွင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလုပ်ဆောင်ခြင်းမရှိခဲ့ပါက နောက်ပိုင်းကာလများတွင် စီးပွားရေး၊ လူမှုရေး မညီမျှမှုများ ပေါ်ပေါက်လာနိုင်ပြီး ဖြေရှင်းရခက်ခဲသည့်ပြဿနာများ ရှိလာနိုင်ပါသည်။

သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့သည့် **စီးပွားရေးအခြေအနေကို ပြန်လည်တည်ဆောက်**ရာတွင် အချိန်တိုအတွင်း ယခင်အခြေအနေသို့ ပြန်လည်ရောက်ရှိရန်မှာ မလွယ်ကူနိုင်။ စီးပွားရေး အခြေအနေများသည် လည်းကောင်း၊ လူတို့၏ စိတ်ဆန္ဒများသည် လည်းကောင်း အမြဲမပြတ် ပြောင်းလဲနေတတ်သောကြောင့် ယခင်မူလအခြေအနေထက် **new normal** ဟုဆိုရမည့် အသစ်ဖြစ်ပေါ်လာသော ပုံမှန်အခြေအနေကိုသာ ကနဦး စဉ်းစားထားရမည်ဟုဆိုသည်။ **new normal** အခြေအနေကိုလက်ခံလျက် စီးပွားရေးအခြေအနေ အရပ်ရပ်အပေါ်မူတည်၍ ကူညီအားပေးခြင်းသည်သာ လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများအတွင်းရှိ လတ်တလော ဆင်းရဲဒုက္ခများကိုလျော့ပါးသက်သာစေပြီး လူမှုဖူလုံရေးအခြေအနေတို့ကို မြှင့်တင်နိုင်ကာ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူ ဖြစ်လာစေလိမ့်မည်။

> **❛ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့သည့် စီးပွားရေးအခြေအနေကို ပြန်လည်တည်ဆောက်ရာတွင် အချိန်တိုအတွင်း ယခင်အခြေအနေသို့ ပြန်လည်ရောက်ရှိရန်မှာ မလွယ်ကူနိုင်။ စီးပွားရေးအခြေအနေများသည် လည်းကောင်း၊ လူတို့၏စိတ်ဆန္ဒများသည် လည်းကောင်း အမြဲမပြတ် ပြောင်းလဲနေတတ်သောကြောင့် ယခင်မူလအခြေအနေထက် new normal ဟု ဆိုရမည့် အသစ်ဖြစ်ပေါ်လာသောပုံမှန်အခြေအနေကိုသာ ကနဦး စဉ်းစားထားရမည်ဟု ဆိုသည်။ new normal အခြေအနေကို လက်ခံလျက် စီးပွားရေးအခြေအနေအရပ်ရပ် အပေါ်မူတည်၍ ကူညီအားပေးခြင်းသည်သာ လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများအတွင်းရှိ လတ်တလော ဆင်းရဲဒုက္ခများကို လျော့ပါးသက်သာစေပြီး လူမှုဖူလုံရေးအခြေအနေတို့ကို မြှင့်တင်နိုင်ကာ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက်ပါ အထောက်အကူဖြစ် ❜**

### တန်ဖိုးမဖြတ်နိုင်သော စိတ်ထားနှလုံးသားများနှင့်အတူ

သဘာဝဘေးဒဏ် ကြုံတွေ့လာရသည့်အခါ သက်ဆိုင်ရာနိုင်ငံအစိုးရများ၊ တာဝန်ရှိအဖွဲ့အစည်းများသည် အရေးပေါ်စီမံခန့်ခွဲမှု (Emergency Management)၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု (Disaster Management) စသဖြင့် အခြေအနေအပေါ် မူတည်အသုံးပြုနိုင်သည့် စီမံခန့်ခွဲမှုစနစ်များကို လက်တွေ့ကြုံတွေ့မှုများနှင့်ကိုက်ညီစွာ ကျင့်သုံးလုပ်ဆောင်နိုင်ရေး အားထုတ်ကြရသည်။

နိုင်ငံအစိုးရများ၏ ဦးဆောင်မှုနှင့်အတူ နယ်ပယ်အလိုက် ကျွမ်းကျင်သူများ၏ ပံ့ပိုးကူညီလိုမှု၊ (ဖွံ့ဖြိုးဆဲနိုင်ငံများတွင်) ပရဟိတစိတ်ထားအားကောင်းသော လူတစ်ဦးတစ်ယောက်ချင်းမှသည် အဖွဲ့အစည်းများအားလုံး ကိုယ်ချင်းစာတတ်၊ ကူညီတတ်၊ အနစ်နာခံတတ်သည့် တန်ဖိုးမဖြတ်နိုင်သော စိတ်ထား၊ နှလုံးသားများဖြင့် ပါဝင်လုပ်ဆောင်မှုများ အားကောင်းခဲ့ပါက သဘာဝဘေးဒဏ်သင့် လူ့အဖွဲ့အစည်းအတွင်းရှိ လိုအပ်ချက်များကို စွမ်းဆောင်ရည်ရှိရှိ၊ ထိထိရောက်ရောက် ကူညီပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ပါသည်။ ။

ကိုးကား။ https://www.un.org

# တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်နှင့် e-mail တို့ ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်ပြီး ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် သင်တန်းများဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) သို့လည်းကောင်း၊ ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ လည်းကောင်း သွားရောက်၍ ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ်တွင် တက္ကသိုလ်အလိုက် ဖွင့်လှစ်သွားမည့် သင်တန်းများနှင့် ပတ်သက်၍ အုပ်ချုပ်ရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာများ ကြိုတင်ပြင်ဆင်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ အလိုက် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်၍ နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံ့ဝန်ထမ်းမျှော်မှန်းချက်ကို ဦးတည်သော သင်ကြားမှုများဖြစ်စေရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်း မျှော်မှန်းချက်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးကို ရှေးရှုမြော်တွေး၍ သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ မိမိတို့ သင်ကြားပေးလိုက်သော နိုင်ငံ့ဝန်ထမ်းများသည် နောင်ဆယ်စုနှစ်များသို့ရောက်သည့်အခါ နိုင်ငံတော်နှင့် ပြည်သူများအတွက် အားကိုးအားထားပြုနိုင်မည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ ရုံးလုပ်ငန်း၊ စီမံခန့်ခွဲရေး၊ ခေါင်းဆောင်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုများ တတ်ကျွမ်းနားလည်စေရေး ရာထူးအဆင့်အလိုက် တစ်ဆင့်ချင်းလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားများ စားသောက်ရေးအတွက် အထောက်အကူ ဖြစ်စေရန် တက္ကသိုလ်အလိုက် စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် သင်တန်းအိပ်ဆောင်များ၊ စားရိပ်သာများနှင့် စာသင်ဆောင်များ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၂၁) ဆရာဖြစ်သင်တန်း ဒီပလိုမာအောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၇**

(၄၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် အမျိုးသားပြတိုက်(ရန်ကုန်)တို့ ပူးပေါင်းကျင်းပသည့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ့၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီမှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဒေါ်နုမြဲ့တို့က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဲ့က " မြန်မာနိုင်ငံတစ်ဝန်း ပြတိုက်များ ခင်းကျင်းပြသခြင်းအကြောင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအကြောင်း "ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဝန်ကြီး(ငြိမ်း) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က "မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအကြောင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာမြင့်သိန်းက "နိုင်ငံချစ်စိတ် စစ်မှန်သော မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်စေရေး ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုအတွက် သမိုင်းကြောင်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြပြီး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ မြန်မာ့ရိုးရာခြင်းလုံးအကအလှ၊ ခြင်းလုံးပညာရပ်ဆိုင်ရာများနှင့် မြန်မာ့ရုပ်သေးအကများဖြင့် ဖျော်ဖြေတင်ဆက်ကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဟောပြောခဲ့ကြသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ်(၄၂)ရပ်ကွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ကျင်းပသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၂၁) ဆရာဖြစ်သင်တန်း ဒီပလိုမာအောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင်သူမြတ်ထံမှ ဩဝါဒကထာ ... ဥက္ကဋ္ဌ ...

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင်သူမြတ်ထံ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး အမှတ်စဉ်(၂၁) သင်တန်းဆင်း သံဃာတော်များအား ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံလင်္ကာရာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**ခွဲထက်ကို (ပြန်/ဆက်)**

# မန္တလေးမြေငလျင် လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် ငလျင်ဘေးသင့်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုရှိ အာမခံထားသူများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် အာမခံအလုပ်သမားများ၏ သားသမီးများအတွက် ပညာသင်စရိတ် ခွင့်ပြုထုတ်ပေးခြင်းကို Online Payment စနစ်များဖြင့် ပေးချေနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် မန္တလေးမြေငလျင်လှုပ်ခတ်မှု ဖြစ်စဉ်ကြောင့် ငလျင်ဘေးသင့်ခဲ့သည့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုရှိ အာမခံထားသူများအားသဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့်အာမခံလုပ်သားများ၏ သားသမီးများအတွက် ပညာသင်စရိတ် ခွင့်ပြုထုတ်ပေးခြင်းကို Online Payment စနစ်များဖြင့် အာမခံ လုပ်သားမိသားစုများသို့ ပေးအပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးဌာန ယာယီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဖူလုံရေးအဖွဲ့မှ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်တာဝန်ခံများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံ အလုပ်သမားများ၏ အကျိုးကိုရှေးရှုပြီး မန္တလေးမြေငလျင် လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် ငလျင်ဘေးသင့်ခဲ့သည့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုရှိ အာမခံထားသူများအား "သဘာဝဘေးအန္တရာယ်ကျရောက်မှု ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း" ပေးအပ်နိုင်ရေးနှင့် အာမခံအလုပ်သမားများ၏ "မူလတန်း၊ အလယ်တန်း၊ အထက်တန်း ၊ တက္ကသိုလ်၊ ကောလိပ်တို့၌ အချိန်ပြည့် ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်" များ ပေးအပ်နိုင်ရေးတို့အတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်းနှင့် စံပြုလုပ်ငန်းစဉ် (SOP) များကို နိုင်ငံပိုင် သတင်းစာများတွင် ကြေညာခြင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း။

သဘာဝဘေး အန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထောက်ပံ့ငွေနှင့် ပညာသင်စရိတ် ထောက်ပံ့ငွေများအား ထုတ်ပေးရာတွင် Online Payment စနစ်များဖြစ်သော KBZ Pay၊ AYA Pay၊ Wave Pay၊ UAB pay၊ Mytel Pay စသည်တို့ဖြင့် ပေးအပ်နိုင်ရေး ဆောင်ရွက်လိုပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့၏ ရန်ပုံငွေများအနက် လတ်တလောအသုံးပြုရန် မလိုအပ်သေးသည့် ပိုလျှံငွေများကို မြန်မာ့စီးပွားရေး ဘဏ်များတွင် စာရင်းအပ်နှံ စုဆောင်းထားရှိသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Online Payment စနစ်နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ပုဂ္ဂလိကဘဏ်များသို့ လွှဲပြောင်းပေးအပ်ပြီး အာမခံလုပ်သားများလက်ဝယ်သို့ စနစ်တကျ လွယ်ကူမှန်ကန်မြန်ဆန်စွာ ရောက်ရှိစေရေး ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း၊ အွန်လိုင်းဖြင့် တက်ရောက်လာသော လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး /ပြည်နယ်တာဝန်ခံ အရာရှိများကလည်း စာရင်း အချက်အလက်များ ကောက်ယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များက အစီအစဉ်အတိုင်း ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေ ဆက်လက်လက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း

၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၉-၅-၂၀၂၅ ရက် (ကြာသပတေးနေ့) တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် ဒုတိယအကြိမ်အဖြစ် ဆက်လက်လက်ခံသွားမည် ဖြစ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အောက်ပါပုဂ္ဂိုလ်များသို့ ဆောလျင်စွာ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ဒေါ်လဲ့လဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်
ဖုန်းနံပါတ် ၀၉- ၂၀၂၄၉၁

(၂) ဦးညီညီနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
ဖုန်းနံပါတ် ၀၉-၅၀၅၂၃၅၂

(၃) ဒေါ်ဖြူဖြူဝင်း၊ ညွှန်ကြားရေးမှူး
ဖုန်းနံပါတ် ၀၉-၄၃၀၅၄၈၄၄
ရုံးဖုန်း ၀၆၇ -၄၀၄၇၀၂ ၊ ၀၆၇-၄၀၄၇၀၁၊ ၀၆၇-၄၀၄၇၁၀
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၇**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်ကလှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် မေ ၂၇ ရက်အထိ သေဆုံးသူ ၃၇၃၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၈ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသော **"ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း"** (Forum on Rebuilding Myanmar: Post-Earthquake Economic Recovery) သုံးသပ်ဆွေးနွေးပွဲကို မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲတွင် "မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများ"၊ "စီးပွားရေး ပြန်လည်ထူထောင်ရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"၊ "စီးပွားရေး ပြန်လည်ကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း" စသည့် ခေါင်းစဉ်သုံးခုကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ UMFCCI ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များနှင့် စီးပွားရေးနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ စီးပွားရေးကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများ (Observer) လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်း/ပြည်ပ ဈေးကွက်စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများကို သိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအခင်းအကျင်းနှင့် ပထဝီစီးပွားရေးအခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပေါင်းစည်းမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**"ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း"** သုံးသပ်ဆွေးနွေးပွဲကျင်းပနေမှုကို MOI Website အပါအဝင် Myanmar Narrative Facebook Page၊ MRTV Facebook Page တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။




သုံးသပ်ဆွေးနွေးပွဲတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် https:// myanmarnaarrative. org/၏ Registration Form မှတစ်ဆင့် အမည်စာရင်းပေးသွင်းနိုင်ပြီး အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း- ၀၆၇ ၃၄၁၂၂၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ဖွင့်လှစ်ပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စက်မှုဇုန် (၆)လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် ပတ္တမြားရပ်ကွက်ရှိ ကျင်းရှင်းနည်းပညာစစ်ကိုင်းကုမ္ပဏီ စက်ရုံအတွင်း ဖုန်းအားသွင်းကြိုးထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုပြီး ယူကရိန်း သံရည်ကျိုစက်ရုံအတွင်း သံရည်ကျိုလုပ်ငန်းများ၊ ဟင်းဂလိုင်းလုပ်ငန်းများနှင့် ပန်းလုံးလုပ်ငန်း လုပ်ကိုင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တောင်ဖီလာတောင်ရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော ပတ္တမြားစေတီအား ပြန်လည်ပြုပြင်မွမ်းမံတည်းဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ဝါးချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးနေမှုကို ကြည့်ရှုအားပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောင်းဆောင်အဆောက်အအုံများနှင့် ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်တို့သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ နန်းမြို့တွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နန်းမြို့ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ ဂန္ဓကုဋီတိုက်၊ အာရုံခံတန်ဆောင်းနေရာများ၌ ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ချမ်းအေးသာစံမြို့နယ်ရှိ ယခင်မင်္ဂလာဈေးနေရာတွင် ငလျင်ဘေးသင့်ပြည်သူများအတွက် ကုမ္ပဏီအသီးသီးမှ အိမ်ဆောက်ပစ္စည်းများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြင်ပပေါက်ဈေးထက် သက်သာစွာရောင်းချပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် “ ဆ ” ရပ်ကွက်ရှိ CROWN ဘိလပ်မြေအရောင်းဌာနသို့လည်းကောင်း၊ “ ဠ ” ရပ်ကွက်ရှိ ကြံ့နှစ်ကောင် ဘိလပ်မြေအရောင်းဌာနများသို့ သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများ လက်ဝယ်သို့ ဘိလပ်မြေအိတ်များ ပြင်ပပေါက်ဈေး ထက်သက်သာစွာ တိုက်ရိုက်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ အောင်မြေသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော ဖြိုချဖျက်ဆီးပြီး အန္တရာယ်ရှိအဆောက်အအုံများအား အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု အခြေအနေများကို လည်းကောင်း၊ လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက် မဟာဒီပဲရင်းကျောင်းတိုက်များသို့လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ရှင်လွန်းမယ်ဘုရားသို့လည်းကောင်း၊ အမရပူရမြို့နယ် မှန်တန်းရပ်ရှိ မဟာဝိဇယရံသီ ပုထိုးတော်ကြီး မြတ်စွာဘုရားသို့ လည်းကောင်း၊ ဆင်စွယ်ပွတ်ကျေးရွာရှိ သတ္တဌာနဘုရားနှင့် တောင်သမန်းကျေးရွာရှိ မဟာသကျရံသီကျောက်တော်ကြီး မြတ်စွာဘုရားတို့သို့ လည်းကောင်း၊ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အပျက်အစီးများအား တပ်မတော်သားစစ်သည်များက ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ အပျက်အစီးများ ရှင်းလင်းဆောင်ရွက်ရာတွင် ထပ်မံသိမ်းဆည်းရရှိသော ဌာပနာပစ္စည်းများအား စနစ်တကျ သိမ်းဆည်းထားရန် တို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ ဖုန်းအားသွင်းကြိုးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများအား “ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲ” သို့ တက်ရောက်ပြီး အဆောက်အအုံများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ရဟန်း သံဃာများ၊ ဒေသခံပြည်သူများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် တည်ဆောက်ရမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့် ပစ္စည်းများကို ကျွမ်းကျင်သူများနှင့် တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်သွားရန် အသေးစိတ်ဆွေးနွေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ဒေသခံပြည်သူများက သိရှိလိုသည့် အချက်များအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့ ခရိုင်တရားရုံးနှင့် ဆူးကုန်းရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံးအတွင်း၌ Modular Container Houseများဖြင့် (ယာယီ) ရုံးဖွင့်လှစ်ပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် တပ်ဆင်ဆောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ ဖောင်ရွာရပ်ကွက်ရှိ ဗြဟ္မဝိဟာရဗိမာန်၌ စာဖြေသံဃာတော်များအတွက် လေးထပ်ဆောင်အား ပြန်လည်ပြုပြင်ရန်အတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် စာဖြေခုံများ နေရာရွှေ့ပြောင်းပို့ဆောင်နေမှုများကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထားဝယ်မြို့၌ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပိုစတာပြိုင်ပွဲ ကျင်းပ

**ထားဝယ် မေ ၂၇**

၂၀၂၅ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ထားဝယ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ “ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး Ending Plastic Pollution Globally’” ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပိုစတာပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



**ကြည့်ရှုအားပေး**

ပြိုင်ပွဲတွင် အခြေခံပညာကျောင်းပေါင်းစုံမှ(အထက်တန်းနှင့် အလယ်တန်း)အဆင့် ကျောင်းသား ကျောင်းသူများ၏ ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်နေမှုကို တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

“ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး” ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၅ ဦး၊ ပန်းချီပိုစတာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၃ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထိုသို့ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ မုန့်များနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

○ ကျောဖုံးမှ

အဆိုပါ အခမ်းအနားကျင်းပပုံများကို မေ ၃၀ ရက် နံနက် ၈ နာရီ မိနစ် ၂၀ မှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV–HD၊ MRTV News၊ MRTV Parliament၊ MRTV NRC၊ MRTV Sports၊ MRTV Farmers’၊ MITV နှင့် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD–HD Channel၊ MWD Variety – HD Channelတို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသော ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဉ္စဝတီ FM နှင့် ရွှေ FM တို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star FM နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website, Myanmar Narrative Facebook Page နှင့် Telegram၊ MRTV Website, MRTV App နှင့် Social Media Platform တို့မှလည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် ဖွင့်ပွဲအခမ်းအနားပြီးနောက် ခေါင်းစဉ်များအလိုက် သုံးသပ်ဆွေးနွေးပွဲများ ကျင်းပမှုကို MRTV Parliament Channel မှ တိုက်ရိုက် (Live)ပြသမှုနှင့်အတူ MOI Website၊ Myanmar Narrative Facebook Page နှင့် Telegram၊ MRTV App၊ MRTV Telegram၊ Myanma TV Youtube Channel နှင့် MRTV Facebook တို့မှလည်း Live Streaming ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ထားဝယ် မေ ၂၇

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ အရိပ်အာဝါသများ ရရှိစေရေး ရည်ရွယ်ချက်များဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အောင်စည်ပင်ဆုတောင်းပြည့်ဘုရား အရှေ့ တိုးချဲ့လေယာဉ်ကွင်းဧရိယာအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ရတနာတန်းဝင်ကျွန်းပင်ကို စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များက သတ်မှတ်ထားသောနေရာများတွင် ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် ကံ့ကော်၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ခရေ၊ သင်္ကန်း၊ တမလန်း၊ ကျွန်း၊ မန်ကျည်းရှား စသည့် ပျိုးပင်စုစုပေါင်း ၄၈၆ ပင်ကို စိုက်ပျိုးပေးခဲ့ပြီး ထားဝယ်ခရိုင်အတွင်းရှိသစ်တောဦးစီးဌာန ပျိုးဥယျာဉ်များတွင် မိုးရာသီ လူထုဖြန့်ပျိုးပင်များကို ဌာနဆိုင်ရာများ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ တက္ကသိုလ်၊ သင်တန်းကျောင်းများနှင့် ဒေသခံပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ပျိုးပင်များ ရယူစိုက်ပျိုးလိုပါက ထားဝယ်မြို့နယ် သစ်တောဦးစီးဌာနသို့ ဆက်သွယ်၍ ပျိုးပင်များထုတ်ယူနိုင်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





## မုဒုံမြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပ

မုဒုံ မေ ၂၇

မွန်ပြည်နယ် မုဒုံမြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၅ ခုနှစ်မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မြို့မ(၄) ရပ်ကွက်ရှိ ကန်ကြီးသုသာန်ဝင်း မြေနေရာ၌ ကျင်းပသည်။

ဦးစွာ မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ဇောအောင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်သည်။ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုကူညီရေးအသင်းတို့မှ အသင်းသားများနှင့် ပြည်သူများ အင်အား ၁၀၀ ခန့်က မန်ကျည်းရှားပင် ၄၀၀၊ အော်ရီးရှားပင် ၄၀၀၊ မဟော်ဂနီပင် ၁၀၀၊ သင်္ကန်းပင် ၅၀၊ ပျဉ်းမပင် ၅၀ တို့ကို သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးကြသည်။

### အခမဲ့ဖြန့်ဝေပေးမည်

မုဒုံမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ မျှတသောရာသီဥတု ရရှိစေရေး၊ အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရေးနှင့် သစ်တောသစ်ပင်နှစ်ရှည်ပင်များ ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် ယခုနှစ်တွင် ပျိုးပင်ပေါင်း ၃၅၀၀၀ ကို စိုက်ပျိုးထားရှိပြီး ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများတွင် စိုက်ပျိုးနိုင်ရန်အတွက် အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

ပြင်ဦးလွင် မေ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက တန်ဖိုးမြှင့်စားသောက်ကုန်(သီးနှံအခြေခံ ယို၊ ဖျော်ရည်၊ ဝိုင်) အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် ကျင်းပရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



ဦးစွာ ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူးက ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအကြောင်း၊ သင်တန်းတွင် သင်ကြားပေးမည့် ဘာသာရပ်များအကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့်လည်း သင်တန်းကို အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်စေရန် အချိန်ပြည့် တက်ရောက်ကြရန် လိုအပ်ကြောင်းနှင့် သင်တန်းတက်ရောက်ပြီးပါက လုပ်ငန်း ပြန်လည်ထူထောင်လုပ်ကိုင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

### သင်ကြားပို့ချ

အဆိုပါ တန်ဖိုးမြှင့်စားသောက်ကုန် (သီးနှံအခြေခံ ယို၊ ဖျော်ရည်၊ ဝိုင်) အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းကို မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သင်တန်းကာလ ခုနစ်ရက်ကြာ သင်တန်းနည်းပြများမှ သင်တန်းသား ၂၀ တို့အား စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဆီဆိုင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်



ဆီဆိုင် မေ ၂၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မေ ၂၃ ရက် နံနက် ၉ နာရီက ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးလှိုင်၊ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများအတွက် ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၂ ကတ်အား ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သာကေတမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

သာကေတ မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၃/မာန်ပြေရပ်ကွက် ဝေယျဝစ္စမဏ္ဍပ်၌ ယနေ့နံနက် ၁၁ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။



### ပေးအပ်

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး ဥပဒေအရကိုင်ဆောင်ခွင့်ရှိသော နိုင်ငံသားစိစစ်ရေးကတ်/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုလက်မှတ်တစ်မျိုးမျိုး ကိုင်ဆောင်ခွင့်ရရှိနိုင်ရန်အတွက် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပြီးစီးသည့် စီမံချက်တွင်အကျုံးဝင်သော ပြည်သူ ၈၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Biometric များကို စနစ်တကျ ကောက်ယူ၍ Unique ID နံပါတ် သတ်မှတ်ဆောင်ရွက်ပြီးစီးသည့်ကတ်ပြားများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

သဲထက်ဇင်(ပြန်/ဆက်)

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တောင်သူများ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးနေမှုကြည့်ရှုစစ်ဆေး

ဘားအံ မေ ၂၇

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ပေးအပ်လိုက်သည့် ချေးငွေများကို တောင်သူတစ်ဦးချင်းလက်ဝယ်သို့ မှန်မှန်ကန်ကန်ရောက်ရှိအောင် ထုတ်ပေးစေလိုပြီး ထုတ်ချေးမှုမှန်ကန်ရေးသည် အရေးကြီးကာ တောင်သူများအနေဖြင့် ချေးငွေများကို မိမိတို့လယ်ယာလုပ်ငန်းတွင် အကျိုးရှိစွာ အသုံးပြု၍ သီးနှံပေါ်ချိန် အပြည့်အဝပြန်လည်ပေးသွင်းကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကရင်ပြည်နယ် ဘဏ်ခွဲမန်နေဂျာက ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့် အချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဘားအံခရိုင်အတွင်းရှိ ကျေးရွာအုပ်စုငါးအုပ်စု၊ တောင်သူ ၁၂၀ ၏ စိုက်ဧက ၇၃၁ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၀၉၆ ဒသမ ၅၀ သိန်းကို ပေးအပ်ကာ တောင်သူကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယခုနှစ်မိုးရာသီတွင် ကရင်ပြည်နယ်အတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှ ငွေကျပ်သိန်း ၁၁၀၀၀ ကို ငွေကျပ် ၁၀၀ လျှင် တစ်နှစ် ငါးရာခိုင်နှုန်းအတိုးနှုန်းဖြင့် ထုတ်ချေးမည်ဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေရယူကြသည့်တောင်သူများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံနှုတ်ဆက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝန်ထမ်းများက တောင်သူများသို့ စနစ်တကျ ချေးငွေထုတ်ချေးပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲမစတင်မီ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြည်နယ်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက သီးနှံအထွက်နှုန်းတိုးတက်ရေး နည်းပညာများနှင့်ပတ်သက်၍လည်းကောင်း၊ မြေယာဥပဒေနှင့်ပတ်သက်၍လည်းကောင်း အသိပညာပေးဆွေးနွေးဟောပြောကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ငပုတောမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်း အခမ်းအနားပြုလုပ်

ငပုတော မေ ၂၇

ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေ ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးမင်းထူးက နိုင်ငံပိုင်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်များမှ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူများအား စိုက်ပျိုးစရိတ်အရင်းအနှီးများ ရရှိစေရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိကြောင်း၊ တောင်သူများအနေ



ဖြင့် ရရှိသော ချေးငွေများကို အကျိုးရှိစွာ အသုံးပြုရန်၊ စပါးအထွက်နှုန်း တိုးတက်စေရေးအတွက် ကြဲခင်းစနစ် ပပျောက်ရေး နိုင်ငံတော်က စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ချေးငွေစာချုပ်ပါ စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ငပုတောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးရေး ချေးငွေများကို တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် မေ ၂၇ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိပြီး ကျေးရွာအုပ်စု ၈၅ အုပ်ရှိ စိုက်ဧက ၅၃၉၂၆ ဧကအတွက် ငွေကျပ် ၈၀၈၈၉ သိန်း ထုတ်ချေးပေးရန် လျာထားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ငွေ့ချောင်းကျေးရွာ အုပ်စုမှ တောင်သူ ၁၈၇ ဦး၊ လယ်ယာမြေ ၁၇၉၅ အတွက် ငွေကျပ် ၂၆၉၂ ဒသမ ၅၀ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပဲခူးမြို့နယ်၌ အထွက်တိုး အောင်နိုင်တိုး မျိုးစပါးနှင့် သွင်းအားစုများပေးအပ်

ပဲခူး မေ ၂၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ မြို့နယ်သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးကြမည့် သမဝါယမအသင်းသား တောင်သူများအား အထွက်တိုး အောင်နိုင်တိုးမျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ရှမ်းရွာကြီးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ထိုသို့ ပေးအပ်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးပိုင်စိုးအောင်က မျိုးစပါးနှင့် သွင်းအားစုများပေးအပ်ရခြင်းနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သော စိုက်ပျိုးရေးနည်းပညာများကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် မြို့နယ်အတွင်းရှိ သမဝါယမအသင်းခြောက်သင်းမှ အသင်းသားတောင်သူ ၂၅၈ ဦးအား မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက အထွက်တိုး အောင်နိုင်တိုးမျိုးစပါးနှင့် သွင်းအားစုများအား လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကြံခင်းမြို့နယ်၌ မူခင်းကျဆင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ကြံခင်း မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဆုံလဲအုပ်စု အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ယနေ့နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် တိုက်နယ်ပြည်သူ့ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ မူခင်းကျဆင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကြံခင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်စိုးက အဖွင့်အမှာစကားပြောကြားပြီး မူခင်းကျဆင်းရေး အသိပညာပေးရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆိပ်သာတိုက်နယ် ပြည်သူ့ဆေးရုံဆရာဝန် ဒေါက်တာ စောသာဆဲက ကျန်းမာရေးအသိပညာပေးရှင်းလင်းပြောကြားပြီး ကျန်းမာရေးမှူး ဦးကျော်လင်းထွဋ်က သွေးလွန်တုပ်ကွေးရောဂါသည် အသက်အန္တရာယ်အထိ စိုးရိမ်ရသည့်အတွက် မိမိနေအိမ်



များတွင် ဖုံး၊ သွန် လဲ၊ စစ် လုပ်ငန်းများကို အနည်းဆုံး တစ်ပတ်တစ်ကြိမ် ပြုလုပ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

စူပါဦး

# ဘိုကလေးမြို့နယ်အတွင်း တရားမဝင် စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး



ဘိုကလေး မေ ၂၇

ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ် အတွင်း တရားမဝင် စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှု ရှိ၊ မရှိ တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘိုကလေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဟန်စိုးနောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးထွန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူ ပူးပေါင်းအဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တရားမဝင်စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း မရှိစေရေးနှင့် လိုင်စင်ရှိစက်သုံးဆီအရောင်းဆိုင်များကိုလည်း သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်နှင့်အညီ ရောင်းချနေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# မော်လမြိုင်မြို့နယ်၌ ကုမ္ပဏီတည်ထောင်ပြီးနောက် လိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ပညာပေး ဟောပြော

မော်လမြိုင် မေ ၂၇

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲအခွန်ဥပဒေများနှင့်အညီ ကုမ္ပဏီတည်ထောင်ပြီးပါက လိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာကိစ္စရပ်များ အသိပညာပေး ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် စီးပွားရေးရာဝန်ကြီး နိုင်လယိတမက လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ဖွဲ့စည်းတည်ထောင်ပြီးနောက် ပြည်တွင်းအခွန်များဦးစီးဌာန၌ လိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာကိစ္စရပ်များကို သိရှိနားလည်ထားမှသာ မိမိတို့ကုမ္ပဏီ၏ အခွန်ဆိုင်ရာ တာဝန်နှင့် အခွင့်အရေးများကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးက ရှင်းလင်းဆွေးနွေးမည့် ကိစ္စရပ်များကို မှတ်သားလိုက်နာ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာနမှူးက ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အကြောင်းသိကောင်းစရာများကို ဦးစွာ ရှင်းလင်းဆွေးနွေးပြီး ကုမ္ပဏီတည်ထောင်ပြီးနောက် လိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခွန်ပညာပေးရှင်းလင်းပွဲသို့ မွန်ပြည်နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များ စုစုပေါင်း ၁၉၀ တက်ရောက်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# ဥတ္တရသီရိမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကျောင်းအပ်ကြစို့"သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။



ထို့နောက် ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးက အမှာစကားပြောကြားပြီး ဥတ္တရခရိုင်ပညာရေးမှူး ဒေါက်တာမာမာဇင်က ကျောင်းအပ်နှံရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်မှ (အခမဲ့)ဖြန့်ဝေသော ပုံနှိပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များနှင့် ကျောင်းဝတ်စုံများကို ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းတို့က ပေးအပ်ရာ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများက လက်ခံရယူခဲ့ပြီး အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဥတ္တရသီရိမြို့နယ်အနေဖြင့် အခြေခံပညာကျောင်းပေါင်း ၄၉ ကျောင်းအပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းလေးကျောင်းရှိပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူဦးရေ တစ်သောင်းခွဲကျော်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# ပေါင်မြို့နယ်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ပေါင် မေ ၂၇

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အထက(ပေါင်) ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး (တွဲဖက်တာဝန်ခံ) ဒေါ်နွယ်နွယ်အေးက တိုင်းရင်းသားများအား ကျောင်းစာပေအပြင် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုများ ဆက်လက်သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ပေါင်မြို့နယ်အတွင်း စာသင်ကျောင်း ၁၆၄ ကျောင်းရှိရာ မေ ၂၇ ရက်အထိ အထက်တန်း ၂၆၀၂ ဦး၊ အလယ်တန်း ၇၈၂၈ ဦး၊ မူလတန်း ၂၉၀၄၄ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၃၉၄၇၄ ဦး ကျောင်းအပ်ပြီးစီးကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



## ၂၇ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၇၆၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၇၀ | ၂၉၈၅ | ၂၉၅၀ | ၂၈၈၅ | ၂၉၉၀ | ၃၀၀၅ | ၃၀၂၀ | ၂၉၄၀ | ၄၅၀၅ | ၃၂၃၅ | ၂၉၅၅ | ၂၉၆၀ | ၃၀၃၀ | ၂၉၉၅ | ၃၀၁၅ | ၃၂၇၀ |
| 95 Ron | ၂၉၂၅ | ၃၀၄၀ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၈၀ | ၂၉၉၅ | ၄၅၆၀ | ၃၂၉၀ | ၃၀၁၅ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၃၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၅၅ | ၂၅၂၀ | ၂၄၅၅ | ၂၅၆၀ | ၂၅၇၅ | ၂၅၉၅ | ၂၅၁၀ | - | ၂၈၀၅ | ၂၅၃၀ | ၂၅၃၀ | ၂၆၀၀ | ၂၅၆၅ | ၂၅၈၅ | ၂၈၄၅ |
| HSD (50 ppm) | ၃၀၁၅ | ၃၁၃၀ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၈၀ | ၃၁၀၅ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၂၀ |
| HSD (10 ppm) | ၃၀၁၅ | ၃၁၃၀ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၈၀ | ၃၁၀၅ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၄ | ၂၇၉၁ |
| 95 Ron | ၂၇၅၉ | ၂၈၄၇ |
| HSD (500 ppm) | ၂၂၈၈ | ၂၃၆၄ |
| HSD (50 ppm) | ၂၈၄၅ | ၂၉၃၂ |
| HSD (10 ppm) | ၂၈၄၅ | ၂၉၃၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မော်လိုက်မြို့၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

မော်လိုက် မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် ခရိုင်ပညာရေးမှူး(တာဝန်ခံ) ဦးဖေထန်းတို့က အမှာစကားများ ပြောကြားသည်။

မြို့နယ်ပညာရေးမှူး ဒေါ်နော်ဥမ္မာတုပ်က ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံတော်မှပေးသော ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ ကျောင်းအုပ် ဆရာကြီး/ဆရာမကြီးများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ကိုထက်(ပြန်/ဆက်)**



# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် သိမ်ဆိပ်ဘူတာနှင့် ဒုံ့ဝန်းဘူတာအကြား ရထားလမ်းချော်ကျပြီး လမ်းပိုင်းပျက်စီးခဲ့မှု ပြုပြင်ပြီးစီး၍ ရန်ကုန်-မော်လမြိုင်-ရန်ကုန်ရထားများ ပြန်လည်ပြေးဆွဲပေးလျက်ရှိ

နေပြည်တော် မေ ၂၇

ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာနှင့် ဒုံ့ဝန်းဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အမှတ်(၆၈၇) အစုန်ကျောက်ရထား လမ်းချော်ကျမှုဖြစ်ပွားခဲ့ပြီး သိမ်ဆိပ်နှင့် ဒုံ့ဝန်းရထားလမ်းပိုင်းအား မေ ၂၅ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရသဖြင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ပြေးဆွဲနေသော အမှတ်(၈၁) အဆန်/ (၈၂)အစုန် လူစီးရထားများ ယာယီရပ်နားခဲ့ရသည်။




မြန်မာ့မီးရထားအနေဖြင့် ယာယီပိတ်ထားရသည့် ရထားလမ်းပိုင်းအတွင်း ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာ သယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် မြန်မာ့မီးရထားတာဝန်ရှိသူများနှင့် လုပ်သားများက လမ်းချော်ကျခဲ့သည့် ကျောက်ရထားအား ပြန်လည်မတင်ခြင်း၊ ရထားလမ်းပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မေ ၂၅ ရက်မှ ယနေ့အထိ နေ့/ညမပြတ်ဆောင်ရွက်ခဲ့ကြပြီး လမ်းပိုင်းအတွင်း စက်မှုအထူးရထားဖြင့် စမ်းသပ်ပြေးဆွဲ၍ ယနေ့ညနေ ၅ နာရီခွဲတွင် လမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းပိုင်းပြန်လည်ဖွင့်လှစ်မှုကြောင့် ပဲခူး-မော်လမြိုင်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ကုန်ရထားနှင့် ကျောက်ရထားများအား ယနေ့မှစ၍ ပြန်လည်ပြေးဆွဲပေးလျက်ရှိပြီး လူစီးရထားများဖြစ်သည့် အမှတ်(၈၁)အဆန်နှင့် အမှတ်(၈၂)အစုန် ရန်ကုန်-မော်လမြိုင်-ရန်ကုန် လူစီးအမြန်ရထားများအား မေ ၂၈ ရက်မှစတင်၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီး ရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် မေ ၂၇

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်)တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၇-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၈-၅-၂၀၂၅ ရက်နေ့မှ ၂၉-၅-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၇-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃၀-၅-၂၀၂၅ ရက်နေ့မှ ၃၁-၅-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၇-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁-၆-၂၀၂၅ ရက်နေ့မှ ၂-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဇွန်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအတင့်အသင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၂ ရက်မှ ၂၇ ရက်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၁၆ ရက်မှ ၂၁ ရက်ခန့်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၁ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင်ခုနစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် လေးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ငါးပေမှ ရှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခုနစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ခုနစ်ပေခန့်၊ ဝေနံမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၀ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် လေးပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် သုံးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ငါးပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၆၇ ဦး ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ် မဲ့ထော်သလေး (KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၆၆ ဦး၊ ချဒ်နိုင်ငံသားတစ်ဦး စုစုပေါင်း ၆၇ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ချဒ်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Saad Ahmat Moussa နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Ms. Nguyen Thi Kim Chung နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၉၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၁၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသားတိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းစစ်ဆေးလွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၇

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၂၃ ရက်တွင် မကွေးမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀)ကိုလည်းကောင်း၊ မေ ၂၆ ရက်တွင် အောင်လံမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အပြင် မေ ၂၆ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအနီးတွင် လိုင်စင်မဲ့ယာဉ် လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ ၁၃ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၁၀၀၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သာမညမှ မော်လမြိုင်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ ၆၃ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၇၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၇၀၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်အနီး၌ ကျိုက်ထိုမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၆၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၅၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် သစ်မာ ၃ ဒသမ ၀၅၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၀၇၆၈၅၆ ကျပ်) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၉၂၇၄၂၈၅၆ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရတနာပုံတံတား (နွားပေါက်)ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ ၉၆ ပီပါ၊ ဓာတ်ဆီ ၂၃ ပီပါ (ခန့်မှန်းတန်ဖိုးငွေ ၇၆၃၉၈၀၃၈ ကျပ်)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း ပလိပ်မြို့အနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၂၅၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၃၆၄၂၉၃၈ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်၊ ပုသိမ်မြို့နယ်၊ မြောင်းမြမြို့နယ်နှင့် ဖျာပုံမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်လေးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၇၅၆၄၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၃၁၈၄၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၈၈၂၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

မေ ၂၃ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၇၂ မှု (ခန့်မှန်းတန်ဖိုးငွေ ၇၂၄၇၅၀၃၄ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဂါဇာဒေသခံများကို အကူအညီပေးရန် ဂျပန်နှင့် ကုလသမဂ္ဂ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်မည်

**တိုကျို မေ ၂၇**

လူသားချင်းစာနာထောက်ထားမှု အကူအညီများလိုအပ်နေသည့် ဂါဇာဒေသခံများကို အကူအညီပေးရာတွင် ဂျပန်နိုင်ငံနှင့် ကုလသမဂ္ဂပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ အေဂျင်စီတို့အကြား ပူးပေါင်းဆောင်ရွက်ရန် ဂျပန်ဝန်ကြီးချုပ်အီရှီဘာနှင့် ကုလသမဂ္ဂ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ အေဂျင်စီအကြီးအကဲတို့အကြား သဘောတူခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

**ပြောကြား**

ဂျပန်ဝန်ကြီးချုပ် အီရှီဘာသည် ကုလသမဂ္ဂ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ အေဂျင်စီအကြီးအကဲ ဖိလစ်ပီလာဇာရီနှင့် တိုကျိုမြို့တွင် မေ ၂၆ ရက်က တွေ့ဆုံခဲ့သည်။ ၎င်းအေဂျင်စီ၏ ပါလက်စတိုင်းဒုက္ခသည်များအား ကူညီဆောင်ရွက်မှုများအပေါ် အသိအမှတ်ပြုကြောင်း အီရှီဘာက ပြောကြားသည်။ ၎င်းဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်နိုင်သည့် ပတ်ဝန်းကျင်တစ်ခုကို တည်ထောင်ရန်အရေးကြီးကြောင်းနှင့် ဂျပန်နိုင်ငံအနေဖြင့်လည်း ၎င်းကိစ္စအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု အီရှီဘာက ပြောကြားသည်။

ဂျပန်နိုင်ငံ၏ ၎င်းဒုက္ခသည်များအပေါ် ပံ့ပိုးရေးဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်းနှင့် ဂါဇာဒေသခံ ၅၀၀၀၀၀ ခန့်မှာ အငတ်ဘေးဆိုက်ရောက်နေကြောင်း ဖိလစ်ပီလာဇာရီက ပြောကြားသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ ဘာသာပြန် – စိုးသူရ**




## လီဗာပူးအသင်းအတွက် အောင်ပွဲခံနေသည့် လူအုပ်အတွင်းသို့ ကားဝင်တိုက်

**လန်ဒန် မေ ၂၇**

အင်္ဂလန် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် လီဗာပူးဘောလုံးအသင်းအတွက် လီဗာပူးမြို့တွင် အောင်ပွဲခံနေသည့် လူအုပ်အတွင်းသို့ ကားတစ်စီး ဝင်တိုက်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ် အနိုင်ရရှိခဲ့သည့် လီဗာပူးအသင်းအတွက် အောင်ပွဲခံနေသည့် လူအုပ်အား ယမန်နေ့ နံနက်ပိုင်း ဒေသစံတော်ချိန် ၆ နာရီတွင် ကားတစ်စီးက ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။



လက်ရှိအချိန်တွင် ဒဏ်ရာရရှိသူ မည်မျှရှိကြောင်း မသိရဟု အရေးပေါ် ကယ်ဆယ်ရေး တာဝန်ရှိသူများက ပြောကြားသည်။ ယခုဖြစ်ရပ်နှင့်ပတ်သက်၍ အသက် ၅၃ နှစ် အရွယ်ရှိ အမျိုးသားတစ်ဦးအား ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့သည်။ လီဗာပူး အသင်းမှ ဘောလုံးသမားများနှင့် နည်းပြများ စီးနင်းလာသည့်ကား လမ်းမပေါ်မှ ဖြတ်သန်းချိန်တွင် ယခုမတော်တစ်ဆမှု ဖြစ်ပွားခြင်းဖြစ်သည်။

ယခုဖြစ်ရပ်သည် ထိတ်လန့်ဖွယ်ဖြစ်ကြောင်းနှင့် ဖြစ်စဉ်အတွင်း ဒဏ်ရာရရှိခဲ့သူများအတွက် ဝမ်းနည်းကြောင်း ဝန်ကြီးချုပ် ကီးယားစတာမာက ပြောကြားသည်။ ယခုဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူများအတွက် ဝမ်းနည်းကြောင်း လီဗာပူးအသင်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ ဘာသာပြန် – စိုးသူရ**

## ဟားမတ်စ်အဖွဲ့အား ချေမှုန်းရေး လက်ယာစွန်းရောက်များ ဆန္ဒဖော်ထုတ်

**ဂျေရုဆလင် မေ ၂၇**

ဟားမတ်စ်အဖွဲ့အားချေမှုန်းရေးအတွက် လက်ယာစွန်းရောက်အစ္စရေးနိုင်ငံသားများက ဂျေရုဆလင်တွင် ဆန္ဒဖော်ထုတ်ပွဲတစ်ခုပြုလုပ်ခဲ့ကြောင်း သိရသည်။ အစ္စရေးနှင့် ဟားမတ်စ်အကြားအပစ်အခတ်ရပ်စဲရေးဆွေးနွေးနေချိန်တွင် ယခုဆန္ဒဖော်ထုတ်ပွဲကို ကျင်းပခြင်းဖြစ်သည်။

၁၉၆၇ ခုနှစ်တွင် အစ္စရေးက အရှေ့ဂျေရုဆလင်အား သိမ်းပိုက်သည့် နှစ်ပတ်လည်အခမ်းအနားအထိမ်းအမှတ်အဖြစ် ယမန်နေ့က ၎င်းဆန္ဒဖော်ထုတ်ပွဲကို ကျင်းပခြင်းဖြစ်သည်။ ၎င်းဆန္ဒဖော်ထုတ်ပွဲတွင် လက်ယာစွန်းရောက်ပါတီကို ထောက်ခံသူများက အကြမ်းဖက်သမားများအား ချေမှုန်းကြဟူသည့် စာတမ်းများ ကိုင်ဆောင်ကြွေးကြော်ခဲ့သည်။ ဝန်ကြီးချုပ်နေတန်ယာဟု၏ ညွန့်ပေါင်းအစိုးရတွင် ပါဝင်သည့် လက်ယာစွန်းရောက်ပါတီသည် ဟားမတ်စ်နှင့် ထာဝရအပစ်အခတ်ရပ်စဲရေးကို ဆန့်ကျင်သည့် အဖွဲ့အစည်းဖြစ်ပြီး ယင်းပါတီ၏ အပစ်အခတ်ရပ်စဲရေးဆန့်ကျင်သည့် အချက်ကလည်း အစ္စရေးအားတိုက်ခိုက်မှုကို ဆက်လက်ဆောင်ရွက်စေသည့် အကြောင်းရင်းဖြစ်သည်ဟု လေ့လာသူများက ပြောကြားသည်။ အစ္စရေးတပ်မတော်သည် ယမန်နေ့တွင် ဟားမတ်စ်အဖွဲ့၏ ပစ်မှတ်နှစ်ရာကျော်ကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ အစ္စရေးနှင့်ဟားမတ်စ်အကြား ရက်ပေါင်း ၇၀ ကြာမည့် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရေးအတွက် အမေရိကန်က တောင်းဆိုခဲ့သည်။ **ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**

## ဂျပန်နိုင်ငံ၌ ပြည်တွင်းခရီးသွားလုပ်ငန်း ပြန်လည်မြှင့်တင်ရေးဆောင်ရွက်

**တိုကျို မေ ၂၇**

ဂျပန်နိုင်ငံတွင် ပြည်တွင်းခရီးသွားလုပ်ငန်း ပြန်လည်မြှင့်တင်ရေးအတွက် ဂျပန်အစိုးရ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ စက္ကူဖြူစာတမ်းတွင် တောင်းဆိုခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။ လက်ရှိအချိန်တွင် ဂျပန်နိုင်ငံသားများသည် ပြည်တွင်းရှိ ခရီးသွားနေရာများသို့ သွားရောက်မှုလျော့နည်းလာကြောင်း တာဝန်ရှိသူများက ပြောသည်။

သို့ရာတွင် ပြည်ပမှခရီးသွားများ နိုင်ငံအတွင်းသို့ လာရောက်မှု များပြားနေကြောင်း သိရသည်။ ယမန်နှစ်အတွင်းက ပြည်တွင်း၌ ခရီးသွားလာခဲ့သည့် ပြည်တွင်း ခရီးသွားအရေအတွက်သည် ၂၀၁၉ ခုနှစ်ကထက် နည်းပါးခဲ့ကြောင်းနှင့် ၎င်းကဲ့သို့ ပြည်တွင်းခရီးသွားလာမှု နည်းပါးလာခြင်းကြောင့် ဒေသအလိုက် ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်သည့် လုပ်ငန်းများကို အများအပြားကို ပြန်လည်ဆောင်ရွက်လာကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ဒေသခုနစ်ခုတွင် ခရီးသွားလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ တိုကျိုမြို့တွင် နေထိုင်သည့် ဒေသခံတစ်ဦးက နီဂါတာဒေသတွင် ဆောင်ရွက်သည့် ဆန်စပါးစိုက်ပျိုးပွဲ၌ ခရီးသွားလုပ်ငန်းအစီအစဉ်အရ အခမဲ့သွားရောက်စိုက်ပျိုးရခြင်းကို ကျေနပ်မိကြောင်းနှင့် ၎င်းဆန်စပါး ရိတ်သိမ်းသည့် အခမ်းအနားသို့လည်း သွားရောက်ချင်ကြောင်း ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ ဘာသာပြန် – စိုးသူရ**



## အမေရိကန်နိုင်ငံတွင် ပညာသင်ကြားခွင့်ရုပ်သိမ်းခံရသည့် ကျောင်းသားများကို ဂျပန်နိုင်ငံရှိ တက္ကသိုလ်များ၌ ပညာသင်ကြားပေးမည်



**တိုကျို မေ ၂၇**

အမေရိကန်နိုင်ငံတွင် ပညာသင်ကြားခွင့် ရုပ်သိမ်းခံရသည့် ကျောင်းသားများကို ဂျပန်နိုင်ငံရှိ တက္ကသိုလ်များက လက်ခံ၍ ပညာသင်ကြားပေးရေး အတွက် ဂျပန်ပညာရေး ဝန်ကြီးဌာနက ညွှန်ကြားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။ အမေရိကန်အစိုးရသည် မကြာသေးမီက ဟားဗတ်တက္ကသိုလ်တွင် ပညာသင်ကြားနေသည့် နိုင်ငံတကာမှ ကျောင်းသားများအား ပညာသင်ယူခွင့် ရုပ်ဆိုင်းခဲ့သည်။

အမေရိကန်နိုင်ငံတွင် ဂျပန်ကျောင်းသားအများအပြား ပညာသင်ကြားနေသည့် အတွက် ၎င်းတို့အနေဖြင့် စိုးရိမ်ပူပန်မှုများရှိနေကြောင်း ဂျပန်ပညာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂျပန်နိုင်ငံအတွင်းရှိ တက္ကသိုလ်များကို အမေရိကန်နိုင်ငံတွင် ပညာသင်ကြားခွင့် ရုပ်ဆိုင်းခံရသည့် ဂျပန်နိုင်ငံသားကျောင်းသားများနှင့် ဂျပန်နိုင်ငံသားမဟုတ်သူ အခြားနိုင်ငံများမှ ကျောင်းသားများအား ပညာသင်ကြားပေးရန် ပညာရေးဝန်ကြီးဌာနက ဂျပန်တက္ကသိုလ်များအား မေ ၂၇ ရက်တွင် ညွှန်ကြားခဲ့သည်။ ၎င်းညွှန်ကြားချက်အရ တိုကျိုတက္ကသိုလ်၊ အိုဆာကာတက္ကသိုလ်နှင့် ဟိုကိုင်းဒိုးတက္ကသိုလ်တို့က ဟားဗတ်တက္ကသိုလ်မှ ပညာသင်ကြားခွင့်ရုပ်ဆိုင်းခံရသည့် ဂျပန်နိုင်ငံသား ကျောင်းသားများနှင့် ပြည်ပနိုင်ငံများမှ ကျောင်းသားများကို ပညာသင်ကြားခွင့်ပြုရေး အစီအစဉ်များ ဆောင်ရွက်နေသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ ဘာသာပြန် – စိုးသူရ**

# လူငယ်နှင့် နေ့စဉ်မှတ်တမ်း (ဒိုင်ယာရီ) ရေးသားခြင်းအလေ့အကျင့်

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

လူငယ်များကိုလေ့လာကြည့်ရာတွင် အချို့ကနေ့စဉ်မှတ်တမ်း(ဒိုင်ယာရီ) (Diary) ရေးသားရသည်ကို နှစ်သက်ကြသည်။ အချို့ကတော့ ဝါသနာမပါလှချေ။ ယေဘုယျအားဖြင့် ဒိုင်ယာရီသည် တစ်ရက်(သို့မဟုတ်) အခြားကာလတစ်ခုအတွင်းဖြစ်ပျက်ခဲ့သမျှကို အစီရင်ခံတင်ပြသည့် ရက်စွဲအလိုက် သီးခြားထည့်သွင်းမှုများဖြင့် ရေးမှတ်ထားသော မှတ်တမ်းပင်ဖြစ်သည်။ ရှေးယခင်က ဒိုင်ယာရီများကိုလက်ရေးဖြင့် ရေးသားခဲ့ကြသော်လည်း ယခုအခါ ဒစ်ဂျစ်တယ်အသွင်ဖြင့် ရေးသားလာကြသည်။ ကိုယ်ရေးကိုယ်တာလှုပ်ရှားမှုများ၊ ရောင်ပြန်ဟပ်မှုများ(သို့မဟုတ်) ခံစားမှုများအတွက် နေ့စဉ် မှတ်တမ်းရေးသားကြသူများရှိကြသည်။ နေ့စဉ် မှတ်တမ်း(ဒိုင်ယာရီ)၏ အမျိုးအမည်များကလည်း စုံလင်လှသည်။ ကျောင်းမှတ်တမ်းဒိုင်ယာရီ၊ ကျန်းမာရေးဒိုင်ယာရီ၊ အစားအစာဒိုင်ယာရီ၊ အလုပ်ဒိုင်ယာရီ၊ ခရီးသွားဒိုင်ယာရီ စသည်ဖြင့်စုံလင်လှသည်။ လူတို့သည် မိမိဘဝတွင် အရေးပါသောအတွေးအမြင်များ၊ ခံစားချက်များ၊ အဖြစ်အပျက်များကို မှတ်တမ်းတင်ထားရန် ဒိုင်ယာရီရေးလေ့ရှိသည်။

ဤကမ္ဘာကြီးတွင် လူအများဆုံးဖတ်သော စာအုပ်မှာ ‘သမ္မာကျမ်းစာ’ ဟု ဆိုကြသည်။ သမ္မာကျမ်းစာပြီးလျှင် လူအများဆုံးဖတ်သောစာအုပ်မှာ ‘အင်န်ဖရန့်စ်၏ နေ့စဉ်မှတ်တမ်း’ ဟူသော စာအုပ်ဟု ဆိုကြသည်။ ထိုစာအုပ်ပါ အကြောင်းအရာများကို ပြဇာတ်အဖြစ် တင်ဆက်ကပြခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။ ရုပ်ရှင်အဖြစ် ရိုက်ကူးတော့လည်း ကမ္ဘာအနှံ့အပြားတွင် အောင်မြင်မှုရရှိခဲ့ပြန်သည်။ စာအုပ်၊ ပြဇာတ်၊ ရုပ်ရှင် နယ်ပယ်သုံးခုတွင် အောင်မြင်ခဲ့သည်မှာ ဤစာအုပ်၏ ထူးခြားမှုပင်ဖြစ်သည်။ ပို၍ထူးခြားအံ့သြဖွယ်ကောင်းသည်ကား အသက်(၁၃)နှစ်အရွယ် ဂျူးလူမျိုး လူငယ်အမျိုးသမီးတစ်ဦး၏ နေ့စဉ်မှတ်တမ်းကြောင့်ဖြစ်သည်။

လူငယ်များအနေဖြင့် နေ့စဉ်မှတ်တမ်းတစ်ခု၏ ထူးခြားသောအောင်မြင်မှုကို သိရှိစေလိုသဖြင့် ယင်းစာအုပ် အဘယ်ကြောင့် အောင်မြင်ခဲ့သည်ကို တင်ပြလိုပါသည်။ ထိုနေ့စဉ်မှတ်တမ်းစာအုပ်လေးကို ၁၉၄၇ ခုနှစ်တွင် ဒတ်ချ်ဘာသာဖြင့် စတင်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။ ဘာသာစကားပေါင်း ၅၅ မျိုးဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယင်းသို့သော ကမ္ဘာကျော်စာအုပ်တစ်အုပ်ကို မှတ်တမ်းတင်ရေးသားခဲ့သူမှာ အသက်(၁၃)နှစ်သာ ရှိသေးသော ဂျူးလူမျိုး အင်န်ဖရန့်စ်ဆိုသူ မိန်းကလေးတစ်ဦးသာဖြစ်သည်။ သူသည် ဟော်လန်နိုင်ငံ အမ်စတာဒမ်မြို့တွင် မိဘများနှင့်အတူ နေထိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ ဂျာမနီနာဇီတို့သည် ဟော်လန်နိုင်ငံကို ကျူးကျော်ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ စစ်သွေးကြွနေသော နာဇီတို့သည် လူများကို နှိပ်စက်သတ်ဖြတ်ကြသည်။ အဖိုးတန်ရတနာပစ္စည်းများ၊ အမျိုးသားအနုပညာလက်ရာများကို သိမ်းပိုက်ကာ ဂျာမနီနိုင်ငံသို့ ယူခဲ့ကြသည်။ နာဇီတို့သည် ဂျူးလူမျိုးများ၊ ကက်သလစ်ဘာသာဝင်များ၊ ဂျစ်ပစီများနှင့် ခေတ်ပညာတတ်လူတန်းစားများကို အလွန်မုန်းတီးသည်။ ထိုအထဲတွင် ဂျူးလူမျိုးတို့ကို ပို၍မုန်းတီးစိတ်ရှိသည်။ ထို့ကြောင့် နာဇီကျူးကျော်ဝင်ရောက်ရာ နိုင်ငံတိုင်းတွင် ဂျူးဆန့်ကျင်ရေးဥပဒေများထုတ်ကာ ပြင်းပြင်းထန်ထန် နှိပ်ကွပ်လေ့ရှိသည်။ ဖမ်းမိသောဂျူးများကို အကျဉ်းစခန်းများသို့ပို့ကာ နှိပ်စက်ညှဉ်းပန်းသည်။ နောက်ဆုံးအဆိပ်ငွေ့ပေးကာ သတ်ပစ်သည်။ နာဇီတို့၏ အကျဉ်းစခန်းများသည် ပြန်လမ်းမရှိသော သေမင်းတမန်ငရဲခန်းများပင်ဖြစ်သည်။

ထိုသို့သော စစ်မီးများ တဟုန်းဟုန်းတောက်နေသော ခေတ်ဆိုးခေတ်ပျက်ထဲတွင် ဂျူးမလေး အင်န်ဖရန့်စ်သည် သူ၏ နေ့စဉ်မှတ်တမ်းကို မြတ်မြတ်နိုးနိုး ရေးသားခဲ့ခြင်းဖြစ်သည်။ သူရေးသားသော နေ့စဉ်မှတ်တမ်းစာအုပ်လေးမှာ သူ၏ မွေးနေ့တစ်ခုတွင် သူ့မိဘများပေးသော မွေးနေ့လက်ဆောင်စာအုပ်လေးဖြစ်သည်။ ထိုလက်ဆောင်စာအုပ်လေးကို သူလွန်စွာမြတ်နိုးသည်။ အင်န်ဖရန့်စ်သည် လက်ဆောင်ရသည့်နေ့မှစ၍ နေ့စဉ်မှတ်တမ်းကို မှန်မှန်ရေးခဲ့သည်။ သူ၏ နေ့စဉ်မှတ်တမ်းကို ၁၉၄၂ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် စတင်ရေးသားခဲ့ပြီး ၁၉၄၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် နောက်ဆုံးရေးသားခဲ့သည်ကို တွေ့ရှိရသည်။

အင်န်ဖရန့်စ်၏ နေ့စဉ်မှတ်တမ်းစာအုပ်လေးထဲတွင် ပါဝင်သောအကြောင်းအရာများမှာ စုံလင်လှသည်။ ပျော်ရွှင်စရာ၊ ထိတ်လန့်စရာ၊ ရယ်စရာ၊ အံ့သြစရာတို့ဖြင့် ရသစုံဝတ္ထုတစ်ပုဒ်ကဲ့သို့ ဖြစ်နေသည်။ သို့ရာတွင် အကြောင်းအရာများက သူတကယ်တွေ့ကြုံမြင်သိ ခံစားခဲ့ရသည်ချည်းဖြစ်သည်။ သူသည် ထိုမှတ်တမ်းများကို အမ်စတာဒမ်မြို့ ပရင်ဆန်ဂရမ်လမ်းမပေါ်ရှိ သူ့ဖခင်၏ အလုပ်ခန်းအပေါ်ထပ်မှ အခန်းကျဉ်းလေးထဲတွင် လျှို့ဝှက်ပုန်းခိုနေစဉ်ကာလအတွင်း ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုအခန်းကျဉ်းလေးထဲတွင် သူတို့မိသားစုအပါအဝင် လူရှစ်ဦးအတူပုန်းခိုနေထိုင်ခဲ့ကြခြင်းဖြစ်သည်။

သူတို့ပုန်းခိုနေစဉ်ကာလအတွင်း သူတို့အတွက် စားစရာ၊ ငွေရေးကြေးရေးကအစ ရာရှင်လက်မှတ်ရရေးအဆုံး သူ့ဖခင်၏ လုပ်ဖော်ကိုင်ဖက်များဖြစ်သော ဒတ်ချ်အမျိုးသားများက ဝိုင်းဝန်းကူညီခဲ့ကြသည်။ ဂျာမန်များသိသွားလျှင်မူ ထောင်ကျလျှင်ကျ၊ သို့မဟုတ် အသတ်ခံရဖွယ်သာရှိသည်။ လောကနှင့်အဆက်ပြတ်ကာ ဘယ်နေ့လာဖမ်းမလဲဟူသော စိုးရိမ်စိတ်ဖြင့် တထိတ်ထိတ် တလန့်လန့်နေခဲ့ရသော ဘဝမျိုးတွင် အင်န်ဖရန့်စ်သည် သူ၏ကမ္ဘာကျော်မည့် နေ့စဉ်မှတ်တမ်းကို ရေးခဲ့ရခြင်းဖြစ်သည်။

အင်န်ဖရန့်စ်သည် သူ၏ နေ့စဉ်မှတ်တမ်းစာအုပ်လေးတွင် သူစဉ်းစားမိသမျှ၊ တွေ့မြင်သမျှ၊ သတိပြုမိသမျှ အကြောင်းအရာများကို စုံစုံလင်လင် ရေးမှတ်ထားခဲ့သည်။ အစောပိုင်းကာလများက သူ၏ ပျော်ရွှင်ဖွယ် ကျောင်းသူဘဝလည်းပါသည်။ သူ့မိသားစု၊ သူ့အပေါင်းအသင်းနှင့် သူ့ပတ်ဝန်းကျင်မှ အကြောင်းများလည်းပါသည်။ အမှောင်ခေတ်ကာလ နာဇီတို့၏ ဂျူးသုတ်သင်ရှင်းလင်းရေးနှင့် ပတ်သက်၍လည်း သူသိသမျှ၊ ကြားသမျှ၊ စုံစေ့အောင် မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

ယင်းသို့ နာဇီတို့ရန်မှ ပုန်းရှောင်နေစဉ်ကာလအတွင်းမှာပင် အင်န်ဖရန့်စ်သည် ပြင်သစ်စာကိုလည်း သင်လိုက်သေးသည်။ အင်္ဂလိပ်စာလည်း သင်သည်။ ပြီးတော့ သမိုင်းစာအုပ်များ၊ လူငယ်ဆိုင်ရာစာအုပ်များလည်း ဖတ်သည်။ ဖတ်ပြီးလျှင် လူငယ်နှင့်လူကြီးတွေကြားက ပြဿနာကို စဉ်းစားသည်။ ဂျူးပြဿနာသည် သူ့အတွက် စဉ်းစားစရာဖြစ်လာသည်။ စစ်ကိုမုန်းတီးစိတ်က ကြီးထွားလာပြီး နာဇီဟစ်တလာ၏ ရက်စက်ကြမ်းကြုတ်မှုတို့ကိုလည်း နာကြည်းလာသည်။ သူ၏ဆန္ဒနှင့် ရည်မှန်းချက်မှာ တစ်နေ့တွင် စာရေးဆရာ၊ သတင်းစာဆရာလုပ်ရန်ဖြစ်သည်။ ထို့ကြောင့် ဝတ္ထုတိုလေးများကို စမ်းရေးကြည့်သည်။ သူရေးနေသော နေ့စဉ်မှတ်တမ်းကို အခြေခံပြီး စစ်ကြီးပြီးလျှင် ဤလျှို့ဝှက်အခန်းကျဉ်းလေးအကြောင်းကို စာအုပ်တစ်အုပ်ရေးမည်ဟု စိတ်ကူးထားသည်။

စစ်ကြီးမပြီးမီကာလ ၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် သူတို့မိသားစု နာဇီလက်တွင်းသို့ သက်ဆင်းခဲ့ကြရသည်။ ပထမဦးစွာ မိသားစုအားလုံးကို အော့ဇဝစ်အကျဉ်းစခန်းသို့ ပို့လိုက်ကြသည်။ နောက်တော့ ကျားနှင့်မ သီးသန့်ခွဲလိုက်သောအခါ သူတို့မိသားစု တကွဲတပြားစီ ဖြစ်သွားတော့သည်။ ထိုအကျဉ်းစခန်းတွင် အဆိပ်ငွေ့ပေး၍ အသတ်ခံရန်အတွက် မိုးရေထဲတွင် တန်းစီစောင့်ဆိုင်းနေရသော ကလေးငယ်များကို အင်န်ဖရန့်စ်ကိုယ်တိုင် မြင်တွေ့ခဲ့ရသည်။ သူ၏ မိခင်မှာလည်း အော့ဇဝစ်မှာပင် ကွယ်လွန်သွားခဲ့သည်။ သူတို့ညီအစ်မနှစ်ယောက်ကမူ အခြားဂျူးများနှင့်အတူ အိုဒက်ဆာအနီးရှိ အကျဉ်းစခန်းတစ်ခုသို့ အပို့ခံရသည်။ ထိုအကျဉ်းစခန်းတွင်ပင် ညီအစ်မနှစ်ယောက်စလုံး အူရောင်ငန်းဖျားရောဂါ အပြင်းအထန်ခံစားရင်း သေဆုံးခဲ့ရသည်။ သူတို့သေဆုံးပြီး မကြာခင်မှာပင် ထိုအကျဉ်းစခန်းသည် မဟာမိတ်တို့၏အကူအညီဖြင့် နာဇီတို့လက်အောက်မှ လွတ်မြောက်သွားခဲ့သည်။

စစ်ကြီးပြီးသောအခါ သူတို့မိသားစုတွင် သူ့ဖခင်တစ်ဦးတည်းသာ အသက်ရှင်၍ ကျန်ရစ်ခဲ့သည်။ ထိုစစ်ကြီးအတွင်း လူ ၁၀ သန်းခန့် အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းတို့အနက် ခြောက်သန်းမှာ ဂျူးလူမျိုးများဖြစ်ကြသည်။ တစ်သန်းခွဲကျော်မှာ အပြစ်မဲ့သော ကလေးငယ်များဖြစ်သည်။ အင်န်ဖရန့်စ်၏ဖခင်သည် နေရပ် အမ်စတာဒမ်သို့ ပြန်ရောက်သောအခါ သူတို့ပုန်းခိုစဉ်က ကူညီခဲ့ဖူးသော အမျိုးသမီးကြီးတစ်ဦးနှင့် မထင်မှတ်ဘဲ ပြန်တွေ့သည်။ သူက အခန်းသန့်ရှင်းရေးလုပ်ရင်း တွေ့ရှိခဲ့သော အင်န်ဖရန့်စ်၏ နေ့စဉ်မှတ်တမ်းစာအုပ်လေးကို လုံခြုံစွာ သိမ်းဆည်းထားရာမှ ပြန်လည်ထုတ်ပေးခဲ့သည်။ သမီး၏ နေ့စဉ်မှတ်တမ်းကိုဖတ်ရသောအခါ ဖခင်ဖြစ်သူမှာ လွန်စွာစိတ်မကောင်းဖြစ်မိသည်။ နောက်ဆုံးတော့ သမီးဖြစ်သူ၏ဆန္ဒကို အကောင်အထည်ဖော်ရန် ကြိုးစားတော့သည်။ ဤသို့ဖြင့် ၁၉၄၇ ခုနှစ်တွင် အင်န်ဖရန့်စ်၏ မှတ်တမ်းစာအုပ်လေးကို ဒက်ချ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။

“အင်န်ဖရန့်စ်၏နေ့စဉ်မှတ်တမ်း” စာအုပ်လေး ထွက်ပေါ်လာသောအခါ စစ်ပြီးကာလ မျှော်လင့်ချက်မဲ့နေသည့် လူသားထုကြားတွင် မျှော်လင့်ခြင်းတေးသံတစ်စ ပျံ့လွင့်လာသကဲ့သို့ ဖြစ်သွားသည်။ ဖတ်ရသူတို့စိတ်နှလုံးတွင်လည်း ပြင်းပြင်းထန်ထန် ထိခိုက်ခံစားလိုက်ရသည်။ ယင်းစာအုပ်သည် လူထုကြားထဲတွင် ပျံ့နှံ့သွားပြီး အကြိမ်ကြိမ် ထပ်မံရိုက်နှိပ်ခဲ့ရသည်။ ဟော်လန်နိုင်ငံတွင်သာမက ဥရောပတစ်လွှားသို့ပါ ပျံ့နှံ့သွားပြီး ဘာသာပေါင်းစုံဖြင့် ပြန်ဆိုရိုက်နှိပ်ထုတ်ဝေခဲ့ရသည်။ ဤသို့ဖြင့် ‘ အင်န်ဖရန့်စ်၏ နေ့စဉ်မှတ်တမ်း’သည် ကမ္ဘာပေါ်တွင် ‘ သမ္မာကျမ်းစာ’ ပြီးလျှင် အရောင်းရဆုံး စာအုပ်တစ်အုပ်ဖြစ်လာခဲ့သည်။

အမှောင်ခေတ် လျှို့ဝှက်အခန်းကျဉ်းလေးထဲမှ ဖွင့်အံလိုက်သော အသက် (၁၃)နှစ်အရွယ်လူငယ်မိန်းကလေးတစ်ဦး၏ ရိုးသားဖြူစင်သော စိတ်နှလုံးဖြင့် ရေးသားခဲ့သည့် နေ့စဉ်မှတ်တမ်းစာအုပ်လေးကို ဖတ်ရှုမိသူတိုင်း သတိတရရှိနေကြသည်။ လူငယ်များအနေဖြင့် နေ့စဉ်မှတ်တမ်းရေးသားခြင်း အလေ့အထများကို မွေးမြူခြင်းဖြင့် မိမိတို့ဘဝ၏ မှတ်တမ်းများကို လှစ်ဟဖော်ပြနိုင်မည်ဖြစ်ပါသည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

မာတင်ဖဲ






# အမဲသားများ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ



နေပြည်တော် မေ ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသားများအား ဈေးကားများဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ လှည့်လည်ရောင်းချရာ ယနေ့တွင် အမဲသား(အသား)ပိဿာ ၁၃၀၊ အမဲသား(အရိုးအသား)ပိဿာ ၂၀၀ တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ် (၂) ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် Diamond Inya Palace အဆင့်မြင့်ကွန်ဒို အဆောက်အဦရှိ အကျယ်အဝန်းဧရိယာ (၁၀၂၅)စတုရန်းပေရှိ (၂၅-လွှာ)၊ Room Type (Deluxe)၊ အခန်းအမှတ်-(25-01) ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် (၅-၉-၂၀၁၆)ရက်စွဲပါ စာချုပ်အရ Mr. Huang Yun Qiang (Passport No- 3853230)မှ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော ကွန်ဒိုတိုက်ခန်းဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းအား ရောင်းသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရည်ဝိုင်းဦး [၁၂/စခန(နိုင်)၀၀၂၈၃၀]မှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၃၁၂၉၂**

# မြန်အောင်မြို့နယ်အတွင်း တရားမဝင်စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

မြန်အောင် မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း တရားမဝင်စက်သုံးဆီ



အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှု ရှိ/မရှိ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြန်အောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်စိုး၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူပူးပေါင်းအဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တရားမဝင်စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး လိုင်စင်ရှိ စက်သုံးဆီအရောင်းဆိုင်များကိုလည်း သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်နှင့်အညီ ရောင်းချနေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ ရောဦးသာ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁/ဗညားဒလ၊မြေကွက်အမှတ်-၁၁၈၈/ခ၊ဧရိယာ(၁၂၀၀)စတုရန်းပေ၊မြေကွက်တည်နေရာအမှတ်(၁၁၈၈/ခ)၊အောင်ဇေယျ(၁၀)လမ်း၊ဗညားဒလရပ်ကွက်၊ဒလမြို့နယ်၊ဦးခင်မောင်မြင့်(Q/RGN-၀၁၁၅၉၇)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်(ခင်ပွန်း)ကွယ်လွန်သဖြင့်တရားဝင်အမွေဆက်ခံခွင့်ရှိသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊အိမ်ထောင်စုလူဦးရေစာရင်းနှင့်ဂရန်မူရင်းတို့တင်ပြ၍ဒေါ်မြင့်မြင့်(၁၂/ဒလန(နိုင်)၀၀၈၇၇၂)မှပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်၍ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) (ကိုယ်စား)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ဘရာဇီးအသင်းနှင့်အတူ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဆွတ်ခူးရန် နည်းပြသစ် အန်ဆယ်လော့တီ ပစ်မှတ်ထားလျက်ရှိ

ဘရာဇီးနိုင်ငံလက်ရွေးစင်အသင်းကို စတင်ကိုင်တွယ်ခွင့်ရရှိခဲ့ပြီဖြစ်တဲ့ နည်းပြသစ် အန်ဆယ်လော့တီဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးအသင်းတစ်သင်းကို တာဝန်ယူကိုင်တွယ်ခွင့်ရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူမိကြောင်းနဲ့ ဘရာဇီးနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားကို ရယူဆွတ်ခူးနိုင်ဖို့ ပစ်မှတ်ထားလျက်ရှိတယ်လို့ ပြောကြားခဲ့ပါတယ်။

အသက် ၆၅ နှစ်အရွယ်ရှိ နည်းပြအန်ဆယ်လော့တီဟာ ဘရာဇီးဘောလုံးအဖွဲ့ချုပ်ရဲ့ ဌာနချုပ်မှာကျင်းပခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဘရာဇီးနိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားကို ရယူဆွတ်ခူးနိုင်ရေးနဲ့ ပတ်သက်ပြီး ပြောကြားခဲ့တာဖြစ်ပါတယ်။ ဘရာဇီးအသင်းဟာ ကမ္ဘာ့ဖလားကို ငါးကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့တဲ့ အသင်းဖြစ်ပြီး လာမယ့်လအတွင်းမှာ ကျင်းပတဲ့ ကမ္ဘာ့ဖလားဝင်ခွင့်ပွဲစဉ်တွေအတွက်လည်း မန်ယူကွင်းလယ်ကစားသမား ကတ်စမဲရိုးနဲ့ စပါးအသင်းတိုက်စစ်မှူး ရစ်ချာလီဆန်တို့ကို ပထမဦးစားပေးကစားသမားတွေအဖြစ် နည်းပြအန်ဆယ်လော့တီက ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။




လက်ရှိ ဘရာဇီးအသင်းအတွက် ဂိုးသမားနေရာမှာ အဲလစ်ဆင်၊ ဂန်တို၊ ဟူဂိုဆူဇာ၊ နောက်တန်းနေရာ အတွက် ဆန်ဒရို၊ ဝက်စလေ၊ အဲလက်ဆန်ဒို၊ မာကွင်ဟို၊ အောဂတ်စတို၊ ဂန်ဒါဆင်၊ ကွင်းလယ်ပိုင်း အတွက် ပါရဲရား၊ ဆန်းတို့စ်၊ ဂွီမာရေ့စ်၊ ကတ်စမဲရိုး၊ အီဒါဆန်၊ ဂါဆန်၊ တိုက်စစ်ပိုင်းအတွက် အန်တိုနီ၊ အက်စတီဘာယို၊ ရာဖင်ဟာ၊ ရစ်ချာလီဆန်၊ ဗီနီစီးယပ်ဂျူနီယာ စတဲ့ကစားသမားတွေကို အဓိကပွဲထွက်ကစားခွင့်အတွက် ရွေးချယ်ထားတာ ဖြစ်ပါတယ်။ ငွေကြယ်

## အမည်ပြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်ကုန်းအုပ်စု၊ မြောက်ချောကုန်းကျေးရွာ၊ သီရိသုခရပ်ကွက်နေ (ဘ) ဦးအောင်နိုင်လင်း၏ သားမောင်ကျော်မျိုးအောင် အားယနေ့မှစ၍ မောင်လွင်မိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**



# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် တန်းစီကွင်းအသစ် ဖွင့်ပွဲကျင်းပ

ပဲခူး မေ ၂၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပဲခူးမြို့ ဥဿာမြို့သစ် (၆)ရပ်ကွက်ရှိ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ မေ ၂၇ ရက် နံနက်ပိုင်းက တန်းစီကွင်းအသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းအောင်နှင့် တိုင်းဒေသကြီး ဦးစီးမှူးရုံး ပဲခူးခရိုင် ပဲခူးမြို့နယ် ဦးစီးမှူးရုံးတို့မှ အရာထမ်း/ အမှုထမ်း ၆၂ ဦး တက်ရောက်ပြီး တိုင်းဒေသကြီးဦးစီးမှူးက အမှာစကားပြောကြားကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

# ဇီးကုန်းမြို့နယ်၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ဇီးကုန်း မေ ၂၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(အထက-ဇီးကုန်း)၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း



များမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်လင်းသူက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဌေးက ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပညာရေးရည်မှန်းချက်ဆောင်ရွက်မှုကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေပေးသည့် ကျောင်းသုံး ပြဋ္ဌာန်းပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံနှင့် ဘောပင်၊ ခဲတံတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းအုပ် ဆရာ ဆရာမကြီးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ပြည်သူလူထုနှင့် ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို မေလဆန်းမှစတင်ကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသုဝေ ဦးဆောင်သော ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်ကျန်းမာရေးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအသင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက် ရတနာပုံလမ်းရှိ သာသနဝေပုလ္လမ္မာရုံ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ (၂၂)ရပ်ကွက်အတွင်းရှိ နေအိမ်များသို့သွားရောက်၍ ခြင်ကျားလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဗီနိုင်းများချိတ်ဆွဲခြင်းစသည့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သန်းသန်းအေး



## အမည်ပြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဘ)ဦးကျော်လွင် [၁၂/လသန(နိုင်)၀၁၇၃၆၁] ၏ သမီး မပိုးကေဇင်ထက်အား မမြတ်သဒ္ဒါလွင်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဘ)ဦးကျော်လွင် [၁၂/လသန (နိုင်) ၀၁၇၃၆၁] ၏သား မောင်ကျော်ဇင်ထက်အား မောင်ကျော်လင်းသူဟု ပြောင်းလဲခေါ်ပါရန်။

## ဒေါ်တင်တင်ဝင်း၊ ဒေါ်မြမြအေး၊ ဦးခင်ဦးနှင့်၎င်းတို့ရှေ့နေ ဒေါ်နှင်းမြတ်ဆွေ၏ (၂၆-၅-၂၀၂၅)ရက်စွဲပါ၊ ကြေးမုံသတင်းစာ၌ ဒေါ်ခင်မွန်မွန်ဝင်းနှင့် Paramount Property Co.Ltd နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာချက်သည် မြေပြင်အမှန်တရားကို ချန်လှပ်ပြီးတစ်ဖက်သတ်ဖော်ပြခြင်း ဖြစ်၍ အဖြစ်မှန်ကို တုံ့ပြန်ရှင်းလင်း၍ အများသိစေခြင်း

အထက်ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ (Paramount Property Co.,Ltd ) ၏ MDဖြစ်သူ ဒေါ်ခင်မွန်မွန်ဝင်း [၇/သနပ(နိုင်)၀၆၁၇၈၉] ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းပြန်ကြားအပ်ပါသည်-

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတလမ်း၊အမှတ်(၄၂၂) (၄၀ပေx၆၀ပေ)ဟုခေါ်တွင်သောမြေအား မူလအမည်ပေါက် ဦးမြတ်ထွန်းနှင့် ဒေါ်ခင်မွန်မွန်ဝင်းတို့သည်(၂)ခန်းတွဲ(၆)ထပ်တိုက်ဆောက်လုပ်ရန် စာချုပ်ကို (၂-၂-၂၀၁၉)ရက်နေ့က ချုပ်ဆိုခဲ့ကြပါသည်။ ၎င်းနောက် ဦးမြတ်ထွန်းမှာ ကွယ်လွန်သွားသဖြင့် ၎င်း၏သမီးဖြစ်သူဒေါ်အေးအေးနှင့်ထပ်မံစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။အဆောက်အဦဆောက်လုပ်နေစဉ်ဒေါ်အေးအေးမှာ ကွယ်လွန်သွားပြီးဖြစ်ပါသည်။ဒေါ်တင်တင်ဝင်းဆိုသည်မှာ ဦးမြတ်ထွန်း၏သမီးဖြစ်ကြောင်း သာသိရှိပြီး ကျန်နှစ်ဦးဖြစ်သော ဒေါ်မြမြအေးနှင့်ဦးခင်စိုးဆိုသူတို့ ကိုသိရှိခြင်းမရှိပါ။ ၎င်းတို့နှင့်လည်းမည်သည့်ပဋိညာဉ်မှ ချုပ်ဆိုခဲ့ခြင်းမရှိပါ။

ဒေါ်ခင်မွန်မွန်ဝင်းသည်စာချုပ်ပါအတိုင်းအဆောက်အဦများအား ဆောက်လုပ်ခဲ့ရာ ယခုလက်ရှိတွင် တိုက်ခန်းများအားလုံး ဆောက်လုပ်ပြီးစီးပြီး အချောသပ်အနေအထားသာ ကျန်ရှိပါသည်။ထိုအတောအတွင်းဒေါ်ခင်မွန်မွန်ဝင်းသည် ဂျပန်နိုင်ငံသို့ခေတ္တသွားရောက်နေစဉ် အဆောက်အဦအား ၎င်းကုမ္ပဏီမှ တာဝန်ရှိသူများ၊ လုပ်ငန်းဆိုက်ကြီးကြပ်သူများနှင့်ကုမ္ပဏီမှ မန်နေဂျာများကို စိတ်ချယုံကြည်စွာအပ်နှံထားခဲ့ပြီး လုပ်ငန်းများဆောင်ရွက်စေခြင်းဖြစ်ပါသည်။ ထိုမှုမက ကုမ္ပဏီတွင်အစောင့်ရှောက်အဖြစ်ထားခဲ့သူများမှလည်း ကုမ္ပဏီပိုင်ပစ္စည်း များအားခိုးယူပြီး တိတ်တဆိတ်ထွက်သွားသဖြင့် တောင်ဥက္ကလာပစခန်းတွင် အမှုဖွင့် တိုင်ကြားထားရပါသည်။ ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသူတစ်စုမှလည်း မြေရှင်တချို့အခန်းဝယ်ယူသူတချို့နှင့်ပူးပေါင်းကာ ဒေါ်ခင်မွန်မွန်ဝင်း၏ ပိုင်ဆိုင်ခွင့် ရပိုင်ခွင့်များကို ထိပါးနှောင့်ယှက်လာခဲ့ပါသည်။ ထိုအခက်အခဲများကြောင့် အဆောက်အဦမှာ အလျင်အမြန် မပြီးစီးနိုင်ရခြင်းဖြစ်ပါသည်။ သို့သော် အခန်းအားလုံးဆောက်လုပ်ပြီးစီးခြင်း၊ မီးလိုင်း၊ ရေပိုက်လိုင်း၊ သွယ်တန်းပြီးခြင်း၊ ရေသန့်မိလ္လာပြီးစီးခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်းတစ်စိတ်တစ်ဒေသပြီးစီးပြီးစီးပြီး ရာခိုင်နှုန်းအားဖြင့် ၉၀% ပြီးစီးပြီးဖြစ်ပါသည်။ မြေရှင်ရရှိမည့်ဘက်အခြမ်းမှ နှစ်လွှာတွင် ပြတင်းပေါက်တပ်ခြင်း၊ တံခါးမကြီး တပ်ဆင်ခြင်းနှင့် လှေကားလက်ရမ်းများတပ်ဆင်မည့်အပိုင်းသာကျန်ရှိပါသည်။ အားလုံးပြီးစီးပါက တိုက်အား သန့်ရှင်းရေးပြုလုပ်ကာ ဘီစီစီကျအောင်ဆောင်ရွက်ပြီး မြေရှင်အားအခန်းအပ်ရန် အဆင့်သာကျန်ရှိပါသည်။ ထိုကိစ္စကိုလည်း မြေရှင်(သက်ဆိုင်သူ)ထံ ဖုန်းဆက်အကြောင်းကြားထားပြီးဖြစ်ပါသည်။

